ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ စနေနေ့၊ (10-3-2007) (၅၂၅၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာတိုင်းရင်းနွယ်ဖွားတို့၏ သမိုင်းကြောင်းအတွက် ရှေးဟောင်းသုတေသနလုပ်ငန်းသည် အလွန်အရေးပါရှိပြီးဖြစ်သည့် ရှေးဟောင်းအမွေအနှစ်များကို ဂုဏ်ယူလေးစားတန်ဖိုးထားပြီး ထိန်းသိမ်းကြရန်လို

မိမိတို့၏ မြင့်မားသောယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသူ၊ နိုင်ငံသားများက လေးစားတန်ဖိုးထားသည့်အပြင် ကမ္ဘာ့အလယ်၌ ယဉ်ကျေးမှုအရ ထင်ရှားကျော်ကြားရေးအတွက် အမျိုးသားရေးတာဝန်အနေဖြင့် တိုးချဲ့ဆောင်ရွက်

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၀၇)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၉

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၀၇)သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် လူသားတစ်နွယ်တည်းက ဆင်းသက်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးနွယ်စုများ ဖြစ်ကြသည်နှင့်အညီ အေးအတူပူအမျှ အတူတကွ စုပေါင်းနေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်း ပရိစ္ဆေဒကြာမြင့်ခဲ့၊ နယ်မြေဒေသအလိုက် ကွဲပြားခြားနားသည့် ပထဝီအခြေအနေများအရ ဝတ်စားဆင်ယင်မှုနှင့် ဘာသာစကားပြောဆိုမှုမှာ အနည်းငယ် ကွာခြားသော်လည်း မိမိတို့တိုင်းရင်းသားအားလုံးသည် ကတိသစ္စာတည်ကြည်ခြင်း၊ ရိုးသားဖြောင့်မတ်ပွင့်လင်းခြင်း၊ ဖော်ရွေခြင်း၊ ရက်ရောခြင်း၊ စိတ်ရင်းစေတနာကောင်းခြင်း စသည့် အင်္ဂါရပ်များနှင့်တူညီစွာ ပြည့်စုံနေကြခြင်းသည်ပင်လျှင် မိမိတို့လူမျိုး၏ စရိုက်လက္ခဏာများဖြစ်ပြီး မြတ်နိုးဖွယ်ရာကိုယ်ပိုင်ယဉ်ကျေးမှုများဖြစ်။

ရှေးဦးစွာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ယဉ်ကျေးမှုဆိုင်ရာ မူဝါဒမှာ ဦးတည်ချက်(၁၂)ရပ်၌ ပါဝင်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုသည့် အချက်များပင်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်တွင် မြင့်မားရေး၊ ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေးနှင့် ရှင်သန်ထက်မြက်ရေးဆိုသည့် ဝိသေသနများ ပါရှိကြောင်း၊ မျက်မှောက်ခေတ်ကာလသည် သိပ္ပံနှင့်နည်းပညာရပ်များ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၀-၃-၂၀၀၇
(စနေနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးမှ လူမှုစီးပွားဘဝမြင့်မားမည်

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိက အရေးပါသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကျေးရွာချင်းဆက် လမ်းများ၊ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်သည့်လမ်းများနှင့် မြစ်ကူး ချောင်းကူးတံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့ ပဒေါင်းပိုင်း(မြို့ပြလမ်း)နှင့် သာယာကုန်း ပိတောက်ပင် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ၊ ညောင်တုန်းမြို့နယ် အင်းမကျေးရွာ ကတ္တရာလမ်းဖွင့်ပွဲ၊ အင်းမ-အင်းတကော်-ခရေကန် ကျေးလက်ကျောက်ချောလမ်း၊ အင်းမ-သရက်တော လမ်းပိုင်းဖွင့်ပွဲများကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက သက်ဆိုင်ရာ ကျေးရွာများ၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာမှ ဘိုမသံတောင်ကျေးရွာအထိ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)မြေသားလမ်းကို အကျယ်ပေ ၃၀ အထိ တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ အဆိုပါခရိုင်ချင်းဆက်လမ်းသည် ပုသိမ်ကြီး၊ ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်း၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးမြို့နယ်တို့ကိုဖြတ်၍ ပဲခူးတိုင်း ရေတာရှည်၊ တောင်ငူမှ မွန်ပြည်နယ် မုတ္တမအထိရောက်ရှိရာ နိုင်ငံဖွံ့ဖြိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအကျိုးရှိလာနိုင်မည်ဖြစ်သည်။

အချို့ဒေသများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာများရှိရာ ကတ္တရာလမ်းသစ်များ၊ ကျေးရွာတွဲဖက်အခြေခံပညာအထက်တန်းကျောင်း၊ကျေးလက်ကျန်းမာရေးဌာန၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက် မီးလင်းရေး လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ထူထောင်ထားရှိနိုင်ပြီဖြစ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်ရှိ တော်လတီစံပြကျေးရွာဖွင့်ပွဲကို မတ်လ ၈ ရက်နေ့က ကျင်းပခဲ့သည်။ တော်လတီစံပြကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မူလတန်းကြိုကျောင်း၊ တော်လတီတိုက်နယ်ဆေးရုံတို့ကို ထူထောင်ထားရှိပြီး စံပြကျေးရွာဖွင့်ပွဲနေ့က စေတနာရှင် အလှူရှင်များက တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေ ကျပ် ၂၃ သိန်း ပေးအပ်ခဲ့ကြောင်းသိရသည်။

နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းထူထောင်ပေးလျက်ရှိရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

မန္တလေးမြို့မဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း(ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ရှမ်းကုန်းလမ်းနေ အဒေါ် ဒေါ်စန်းအား အမှူးထား၍ ဒေါက်တာဝင်းဖေ-ဒေါ်မြင့်ရီမိသားစုတို့က အလှူငွေ ကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် (မဟာသိမ်တော်ကြီးစာချ-နာယက)ဆရာတော် ဦးဂန္ဓ သာရက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ(နည်းပြ)သင်တန်း ဖွင့်ပွဲများသို့ တက်ရောက်

နေပြည်တော် မတ် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ကျင်းပသော ရွှေဘိုမြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ(နည်းပြ) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ခင်ဦးမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ(နည်းပြ)သင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ထောက်ပံ့ငွေပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ရေဦးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ(နည်းပြ)သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး၊ သင်တန်းထောက်ပံ့ငွေနှင့် ရေဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘတ်စကက်ဘောကွင်း တည်ဆောက်ရန်အတွက် ငွေကျပ် ၂၀၉၀၀၀၀ ကို ပေးအပ်သည်။

ဆက်လက်၍ ဘတ်စကက်ဘောကွင်း တည်ဆောက်ရန်အတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဘိလပ်မြေအိတ် ၄၀ အတွက် ငွေကျပ် ၂၄၀၀၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ မြို့မိမြို့ဖများက ငွေကျပ် ၁၅၀၀၀၀၊ အထက(၁)မိသားစုက ငွေကျပ် ၁၀ သိန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးတင့်အောင်-ဒေါ်သန်းမြင့်မိသားစုက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီး ဘတ်စကက်ဘောကွင်း တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရွှေဘိုမြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တ ပညာ(နည်းပြ)သင်တန်းသို့ သင်တန်းသား ၁၅၁ ဦး၊ ခင်ဦးမြို့နယ်တွင် ၁၂၇ ဦး၊ ရေဦးမြို့နယ်တွင် ၁၁၂ ဦးတို့ တက်ရောက်ကြပြီး ရွှေဘိုခရိုင်အတွင်းရှိ ကျွန်ငါးမြို့နယ်၌ ဖွင့်လှစ်မည့် နည်းပြသင်တန်းများသို့ ၅၇၅ ဦး တက်ရောက်ကြမည်ဖြစ်သည်။ အဆိုပါ နည်းပြသင်တန်းဆင်းများက ခရိုင်အတွင်းရှိ ဒေသအသီးသီးတွင် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူ လူငယ် ၁၇၀၀၀၀ကျော်ကို ပြန်လည်သင်ကြားပို့ချမည်ဖြစ်သည်။

အလားတူ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်က ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အားကစား၊ အိမ်တွင်းမှု သက်မွေးပညာ၊ အနုသုခုမ စသော သင်တန်း ၁၄ မျိုး၌ ကျောင်းသား၊ ကျောင်းသူ တစ်သိန်းခုနစ်သောင်းကျော် တက်ရောက်ကြမည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ရေဦးမြို့နယ် အင်တော ကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းနှင့် ကျေးလက် တယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကာ အခြေစိုက်စခန်းအတွက် မဂ္ဂဇင်းမျိုးစုံနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အင်တောကျေးရွာ အလယ်တန်းကျောင်းအတွင်း ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ အင်တော၊ ပန်းကုန်းနှင့် ဖန်းခါးဇင်ကျေးရွာတို့မှ အသင်းဝင် အဆိုပြုလွှာ ၁၅၇၅ စောင်ကိုပေးအပ်ရာ တိုင်းအသင်း အတွင်းရေးမှူးက လက်ခံသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်က အင်တောကျေးရွာ အခြေစိုက်စခန်းအတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံး၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး ဒေသခံတစ်ဦးက အသင်းဝင်အဆိုပြုလွှာ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စေတနာညကျောင်း ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စေတနာည ကျောင်းမှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲနှင့် ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲအထောက်အကူပြု ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို မတ် ၇ ရက် နံနက် ၈နာရီခွဲတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းရုံး၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** စေတနာ ညကျောင်းမှ ဆရာ၊ ဆရာမများ ကိုယ်စား ဆရာဦးထွန်းထွန်းအား ဂုဏ်ပြုလက်ဆောင်များနှင့် စာမေးပွဲ အထောက်အကူ ပြု ပစ္စည်းများကို ကျောင်းသား၊ ကျောင်းသူ ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ကွယ်လွန်သူ ဦးသိန်းချစ် (ချစ်ဆွေပွဲရုံ) အားရည်စူး၍ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်၊ ရတနာထွန်းပွဲရုံနယ်မြေနေ ဇနီးဖြစ်သူ ဒေါ်နုနုဆွေ မိသားစုက မတ် ၆ ရက်တွင် မော်လမြိုင်မြို့ စေတနာ နာရေးကူညီမှုအသင်းသို့ ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်ဇင် လက်ခံရယူစဉ်။ (က-ပ)

မြတ်သန္ဒာမဟာစည် ရိပ်သာတရားစခန်း

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္ဒာ မဟာစည်ရိပ်သာ၌ ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ရွှေပြည်သာ သာသနဒီပ ဆရာတော် အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ) က အခြေခံမှစ၍ နားလည်စေရန် ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသော ယောဂီများ ဖုန်း-၇၀၇၄၈၇၊ ၀၉-၅၁၇၆၅၇၅ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သမ္ဗောဒနီယ သန္ဒေသကထာကို မြွက်ကြားချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေးဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၉

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေး (International Conference of Theravada Buddhist Universities) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် တက်ရောက်ကြည်ညို၍ နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေးဖွင့်ပွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားစဉ်။ (သတင်းစဉ်)

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာဉာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နီပေါ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံတို့ရှိ ဗုဒ္ဓတက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၂၂ ခုတို့မှ အဓိပတိနှင့် ဒုတိယအဓိပတိ ဆရာတော်များ၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် ဆရာတော်များ၊ မဟာဌာနမှူး ဆရာတော်များ၊ ပါမောက္ခ ဆရာတော်များ၊ ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ်ကြီးများ၊ ကထိက ဆရာတော်များနှင့် ပညာရှင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာ မြင့်ကြည်၊ ရန်ကုန်မြို့ရှိ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ် နိုင်ငံများဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ထေရဝါဒ ဗုဒ္ဓဘာသာသုတေသီများနှင့် ပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူနေကြသော ပြည်တွင်းပြည်ပမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည်ညိုကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် အခမ်းအနားမှူး ဆရာတော်အဖြစ်အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခဆရာတော် ဘဒ္ဒန္တဒေါက်တာဓမ္မသာမိက ဆောင်ရွက်တော်မူပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သမ္ဗောဒနီယ သန္ဒေသကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

(ဥက္ကဋ္ဌ မကွေးဆရာတော်၏ သမ္ဗောဒနီယ သန္ဒေသကထာကို ပူးတွဲဖော်ပြထားပါသည်။)

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ပရိယတ္တိနယ်ပယ်တွင် မြန်မာနိုင်ငံအနေဖြင့် မိမိ၏အတွေ့အကြုံများကို ညီအစ်ကိုတော် ထေရဝါဒတက္ကသိုလ်များကို မျှဝေပေးရန်ဆန္ဒရှိ

ရန်ကုန် မတ် ၉

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မြွက်ကြားချီးမြှင့်တော်မူသည့် သန္ဒေသကထာ အပြည့်အစုံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်မြတ်များ
ပြည်ပနိုင်ငံများမှ လာရောက်ကြသည့် ဗုဒ္ဓဘာသာသုတေသီများ
ဧည့်သည်တော်များနှင့် သူတော်ကောင်းအပေါင်းတို့ -

ယနေ့ကျင်းပအပ်သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်များ ပညာရေး နှီးနှောဖလှယ်ပွဲသို့ ရွှင်လန်းတက်ကြွစွာတက်ရောက်လာကြသည်ကို တွေ့မြင်ရသဖြင့် မြတ်ဗုဒ္ဓသာသနာတော်ကြီး၏ အနာဂတ်အရေးအတွက် လွန်စွာအားတက်ဝမ်းသာရပါကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက် ပြောကြားလိုပါသည်။ မိမိတို့၏ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်မှုကို အလေးမထားဘဲ သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့ထွန်းကားပြန့်ပွားလာစေရန်အတွက် ယခုကဲ့သို့ လာရောက်ကြိုးစားဆောင်ရွက်ကြသည်ကို တွေ့မြင်ရသဖြင့် သုတေသီများအားလုံး၊ ဧည့်သည်တော်များအားလုံးကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

ယခုကျင်းပသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်များ ပညာရေး နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်သဖြင့် လွန်စွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။ နိုင်ငံပေါင်း ၁၃နိုင်ငံမှ ဗုဒ္ဓဘာသာကောလိပ်နှင့် တက္ကသိုလ် ၂၅ခုတို့မှ ထေရဝါဒဗုဒ္ဓဘာသာသုတေသီ ပညာရှင်များ ယခုကဲ့သို့ စုဝေးပူးပေါင်း၍ ထေရဝါဒဗုဒ္ဓဘာသာတရားတော်များကို အဆင့်မြင့်မြင့် စနစ်တကျပို့ချသင်ကြားရေးအတွက် စုဝေးညှိနှိုင်းတိုင်ပင်ကြခြင်းသည် ပထမဆုံးအကြိမ်ဖြစ်မည်ဟု ယူဆပါသည်။ ထူးကဲမွန်မြတ်သော "ဓမ္မသာကစ္ဆာပွဲ"ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်းတစ်ထောင်ခန့်က ပုဂံခေတ် ထေရဝါဒဗုဒ္ဓဘာသာ ထင်ထင်ရှားရှားဝင်ရောက်လာချိန်မှစတင်၍ ဘုန်းတော်ကြီးကျောင်းများတွင် ထေရဝါဒဗုဒ္ဓဘာသာ ပိဋကတ်စာပေများကို ရိုသေလေးစားစွာနာယူမှတ်သားပြီး လက်တွေ့ကျင့်သုံးလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ထိုကာလမှစတင်ပြီး ရဟန်းသံဃာတော်များသည် ပရိယတ္တိစာပေများကို လက်ဆင့်ကမ်း ပို့ချသင်ယူလာခဲ့ကြသလို ပရိယတ္တိကညွှန်ပြသော ပဋိပတ္တိကျင့်စဉ်များကိုလည်း လိုက်နာကျင့်ဆောင်ခဲ့ကြပါသည်။ ပရိယတ္တိစာပေသမိုင်းတစ်လျှောက် မြန်မာဆရာတော်များက လက်ဆင့်ကမ်းသင်ကြားပို့ချလာခဲ့သလို အရှင်အဂ္ဂဝံသပြုစုသော သဒ္ဒနီတိကျမ်းမှ စတင်၍ ပါဠိသဒ္ဒါကျမ်းများ၊ သုတ္တန်အဖွင့်ကျမ်းများ၊ ဝိနိစ္ဆယဖြတ်ထုံးများ၊ အဘိဓမ္မာအဖွင့်ကျမ်းများနှင့် အရကောက်ကျမ်းများကိုလည်း စာသင်သားများအနေဖြင့် ပိဋကတ်စာပေနယ်သို့ အလွယ်တကူချဉ်းကပ် ဝင်ရောက်နိုင်အောင် ပြုစုအားထုတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံပဋိပတ္တိသာသနာဝင် သမိုင်းစဉ်တစ်လျှောက်လုံး ပုဂံခေတ်ကပင်စတင်၍ အရိယာပုဂ္ဂိုလ်များစဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့ပြီး ယနေ့အချိန်ကာလ၌လည်း မြို့နယ်ပေါင်း ၃၂၆ကျော်တွင် မြို့နယ်တိုင်း မြို့နယ်တိုင်း၌ ပရိယတ္တိစာသင်တိုက်များရှိသလို ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာများကိုလည်း မြင်တွေ့ကြရမည်ဖြစ်ပေသည်။ သမိုင်းစဉ်တစ်လျှောက်လုံး ဆရာတပည့် အစဉ် အဆက်ဆက်က ပရိယတ္တိပို့ချသင်ယူမှု ဂန္ထဓုရတာဝန်နှင့် ပဋိပတ္တိနည်းပြကျင့်သုံးမှု ဝိပဿနာ ဓုရတာဝန်နှစ်ရပ်ကို ပုံမှန်ထမ်းဆောင်လာခဲ့ကြသဖြင့် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်စည်ပင်ထွန်းကားလျက်ရှိကြောင်း တွေ့မြင်ကြရမည်ဖြစ်ပေသည်။

ပိဋကတ်စာပေများကို သင်ယူပို့ချကြရာတွင် မူရင်းပါဠိတော်ကြီးများနှင့် အဋ္ဌကထာဋီကာအဖွင့်ကျမ်းများကို ရှေးရိုးပါဠိဘာသာကျွမ်းကျင်မှုအခြေခံသင်ကြား နည်းဖြင့် စာမေးပွဲမဝင်ဘဲသင်ယူကြသူများရှိသကဲ့သို့ နိုင်ငံတော်အစိုးရက ကျင်းပပေးသော ပထမပြန်စာမေးပွဲ၊ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ တိပိဋကစာမေးပွဲများတွင် ဝင်ရောက်ဖြေဆို၍ သင်ယူသောစာသင်နည်းများလည်းရှိပေသည်။ ပရိယတ္တိ စာသင်တိုက်များက ပရိယတ္တိစာပေများကို ပို့ချပေးသည့် နည်းတူနိုင်ငံတော်အစိုးရ၏ ပရိယတ္တိစာမေးပွဲများနှင့် စေတိယင်္ဂဏအသင်း၊ သကျသီဟအသင်းစသောအမျိုးသား ပရိယတ္တိစာမေးပွဲများက စာသင်သံဃာတော်များ၏ သင်ယူလေ့လာမှုကို သွယ်ဝိုက်သော နည်းဖြင့်အားပေးလျက်ရှိပါသည်။

၁၉၈၆ခုနှစ်မှစတင်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(နှစ်)ခုကို တည်ထောင်ဖွင့်လှစ်ခဲ့ပေသည်။ ယင်းတက္ကသိုလ်နှစ်ခုတို့တွင် ပါဠိတော်အဋ္ဌကထာ ဋီကာကျမ်းများကို ရှေးရိုးသင်နည်းအပြင် ခေတ်မီသင်ကြားပို့ချနည်းများကိုပါ ဖြည့်စွက်ပို့ချလျက်ရှိပါသည်။ ၎င်းအပြင် သာသနာပြုလုပ်ငန်းများနှင့် ဆက်နွယ်ရာ အင်္ဂလိပ်ဘာသာစသော အခြားဘာသာရပ်များကိုလည်း ပို့ချပေးလျက်ရှိပါသည်။ ယခုအချိန် ယင်းသာသနာ့တက္ကသိုလ်(နှစ်)ခုမှ ဓမ္မာစရိယ B.A (Buddhism) ဘွဲ့ရသူပေါင်း ၉၈၂ပါးနှင့် မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ရသူပေါင်း ၂၀၈ပါးထွက်ပေါ်ခဲ့ပြီး ယခုအခါ ဓမ္မပါရဂူဘွဲ့ (Ph.D; Buddhism)ဘွဲ့သင်တန်းကိုပါ တိုးချဲ့ဖွင့်လှစ် သင်ကြားလျက်ရှိပေသည်။ နောင်နှစ်များတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့သည်လည်း မိမိတို့၏ သက်ဆိုင်ရာသင်ရိုးညွှန်းတမ်းများနှင့်အညီ ဖွင့်လှစ်ပို့ချလာခဲ့ပေသည်။ အထက်တန်းပိဋကတ် စာပေများကိုလေ့လာရာတွင်လည်း ၁၉၄၈ခုနှစ်မှစတင်ခဲ့သော တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးသည်လည်း ၅၉နှစ်တာကာလအတွင်း ပိဋကတ်သုံးပုံအာဂုံဆောင်၍ ပိဋကတ်သုံးပုံသဘောရေးဖြေအောင်မြင်သော အရှင်မြတ် ၁၁ပါးပေါ်ထွန်းခဲ့ပေသည်။

ပရိယတ္တိနယ်ပယ်တွင် ဤမျှအရင်းအနှီးစိုက်ထုတ်ထားသော မြန်မာနိုင်ငံအနေဖြင့် မိမိ၏ကိုယ်ပိုင် အတွေ့အကြုံများကို ညီအစ်ကိုတော် ထေရဝါဒတက္ကသိုလ်များကို မျှဝေပေးရန် ဆန္ဒရှိသလို နိုင်ငံတကာ ထေရဝါဒတက္ကသိုလ်များ၏ အတွေ့အကြုံများကို ရယူ၍လည်း မြန်မာနိုင်ငံပရိယတ္တိတက္ကသိုလ်ကြီးများ အဆင့်မြှင့်တင်ရေးအတွက် အသုံးချလိုပါသည်။

ထေရဝါဒဗုဒ္ဓဘာသာကို လေ့လာရာတွင် ပါဠိဘာသာရပ်သည် အခြေခံဖြစ်သောကြောင့် ပါဠိဘာသာ သင်ရိုးများ၊ သင်ကြားပုံနည်းစနစ်များကို ဆွေးနွေးကြမည်ဖြစ်သည့်အတွက် လွန်စွာအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ပါသည်။ ထိုနည်းတူစွာ အဘိဓမ္မာဘာသာရပ်၊ ကမ္မဋ္ဌာန်းဘာသာရပ်များကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း သိရသဖြင့် လောကသဘာဝများကို ကိုင်တွယ်ဖြေရှင်းရာတွင် ယင်းဘာသာရပ်များက အထောက်အကူပြုမည်ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော တက္ကသိုလ်ကောလိပ်များအတွက် စိတ်ဝင်စားဖွယ်ဘာသာရပ်များဖြစ်ပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးတွင် ထိရောက်ဆုံးဘာသာရပ်များဖြစ်သောကြောင့် ယခုကျင်းပသော ပညာရေး နှီးနှောဖလှယ်ပွဲမှ အထိုက်တန်ဆုံး အကျိုးရလဒ်များကို ဧကန်ရရှိနိုင်ကြောင်း သုံးသပ် ယူဆပါသည်။

ထို့ပြင် ထေရဝါဒဗုဒ္ဓဘာသာရဟန်းတော်များသည် ကမ္ဘာသုံးအင်္ဂလိပ်ဘာသာစကားဖြင့် အဘိဓမ္မာ ဘာသာရပ်နှင့် ကမ္မဋ္ဌာန်းဘာသာရပ်တို့ကို ကမ္ဘာသို့ ဖြန့်ဝေပေးနိုင်မည်ဆိုပါကလည်း ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးလုပ်ငန်းများ ယခုထက်ပိုမိုအောင်မြင်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

ယခု ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်လျက်ရှိသော ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်ကြီးများသည် မဟာဝိဇ္ဇာတန်းနှင့် ပါရဂူတန်းများ သင်ကြားရေး၊ ကျမ်းကြီးကြပ်ရေး၊ ဆရာများနှင့် ကျောင်းသားများ အပြန်အလှန် လဲလှယ်ရေးကိစ္စများတွင် အားလုံးအတွက် အကျိုးရှိမည့် သဘောတူညီချက်များ ရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ယခုကဲ့သို့ ညီညွတ်စွာမကြာခဏ တိုင်ပင်ညှိနှိုင်းဆွေးနွေးကြခြင်းသည် ဘုရားရှင်လမ်းညွှန်တော်မူသည့် မဆုတ်ယုတ်ကြောင်းတရား=အပရိဟာနိယဓမ္မနှင့် တစ်သားတည်းထပ်တူကျလျက်ရှိသဖြင့် နောင်အနာဂတ်ကာလများတွင်လည်း ညီအစ်ကိုတော် ထေရဝါဒဗုဒ္ဓဘာသာဝင် အချင်းချင်း လက်တွဲညီညာစွာဖြင့် မြတ်စွာဗုဒ္ဓ၏ သာသနာတော်အကျိုးကို ဆက်လက်သယ်ပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဤအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များအားလုံး၏ ပထမဆုံးသမိုင်းဝင် ညီလာခံကြီးကို ဖွင့်လှစ်အပ်ပါသည်။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ အနီး၌ တူးဖော်တွေ့ရှိသည့် ဘိုင်ဇန်တိုင်း အင်ပါယာခေတ် အဆောက်အအုံဟောင်းတစ်ခုကို မတ် ၆ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်အနုပညာရှင်များ ဟောလီဝုဒ်တွင် ဖျော်ဖြေတင်ဆက်

လော့စ်အိန်ဂျလိစ် မတ် ၈

တရုတ်ယဉ်ကျေးမှု ထုံးစလေ့အစဉ်အလာများနှင့် အမေရိကန်ပြည်သူများ ရင်းနှီးမှုရှိစေရန်အတွက်လည်းကောင်း၊ တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့် ၂၀၀၈ခုနှစ် နွေရာသီ အိုလံပစ်အားကစားပွဲတော်ကို အမေရိကန်ပြည်သူများ စိတ်ဝင်စားမှု ရှိလာစေရန်အတွက်လည်းကောင်း ယဉ်ကျေးမှုအစီအစဉ်များကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိဟောလီဝုဒ်တွင်တင်ဆက်ခဲ့ကြောင်း မတ် ၈ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

တရုတ်ယဉ်ကျေးမှု ဖျော်ဖြေတင်ဆက်ရေးအစီအစဉ်များကို မြို့တော်ပေကျင်းနှင့်လော့စ်အိန်ဂျလိစ်ဒေသန္တရ အစိုးရအဖွဲ့များက ပူးတွဲဆောင်ရွက်ခဲ့ကြသည်။ ဟောလီဝုဒ်ရှိ ရိပ်သာလမ်းတစ်လျှောက်တွင် တရုတ်လူမျိုး အနုပညာရှင် ၆၀၀ခန့်က ဖျော်ဖြေတင်ဆက်ခဲ့ရာတွင် ဒေသခံပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များက လှိုက်လှိုက်လှဲလှဲ အားပေးကြည့်ရှုခဲ့ကြသည်။

- ရွေးချယ် -

တရုတ်ရိုးရာယဉ်ကျေးမှု ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်နိုင်ရန် အမေရိကန်မြို့ကြီးများအနက် လော့စ်အိန်ဂျလိစ်မြို့ကို ရွေးချယ်ခဲ့ခြင်းအတွက် မိမိတို့မြို့အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ဂုဏ်ယူမဆုံး ဖြစ်ရကြောင်း လော့စ်အိန်ဂျလိစ်မြို့တော်ဝန် အန်တိုနီယို ဗီလာရိဂိုဇာက ပြောကြားသည်။

- သွားရောက် -

လော့စ်အိန်ဂျလိစ်မြို့တော်ဝန်သည် မကြာသေးမီက အမေရိကန် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကို ဦးဆောင်၍ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

- မြှင့်တင် -

မြို့တော်ပေကျင်းနှင့် လော့စ်အိန်ဂျလိစ်မြို့တို့ကို ညီအစ်မမြို့ကြီးများအဖြစ် လွန်ခဲ့သည့်နှစ်က သတ်မှတ်ခဲ့သည်။ ကုန်သွယ်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လျက်ရှိသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် ကော်ဖီဆိုင်တွင်ဗုံးကွဲ၍ ၂၅ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၉

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ကော်ဖီဆိုင်တစ်ဆိုင်တွင် မတ် ၇ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ၂၅ဦး သေဆုံးပြီး ၂၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဒီရာလာ ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖောက်ခွဲရေးသမားသည် ဘာဒရုမြို့ရှိ ကော်ဖီဆိုင်တွင် နေဝင်ခါနီးအချိန်၌ ဗုံးများကို ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် ၂၅ဦး သေဆုံးပြီး ၂၀ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုထိခိုက်ဒဏ်ရာရရှိသူများတွင် အချို့မှာ ပြင်းထန်သည့် အခြေအနေတွင်ရှိသည့်အတွက် သေဆုံးသူဦးရေမှာ တိုးလာနိုင်သည်ဟု ရဲသတင်းရပ်ကွက်ကပြောကြားသည်။

မကြာသေးမီ ရက်များအတွင်းက ဗုံးပေါက်ကွဲမှုနှင့် သတ်ဖြတ်မှုများ ဒီရာလာ ပြည်နယ်အတွင်း၌ တိုး၍ ဖြစ်ပွားလာသည်ကို မြင်တွေ့ကြရသည်။ ***အင်တာနက်။***

အမေရိကန်၏ လူ့အခွင့်အရေးအစီရင်ခံစာ ဗီယက်နမ်ပယ်ချ ပကတိအခြေအနေမှန်မှ သွေဖည်ကာ ဘက်လိုက်ရေးသားထားဟုဆို

ဟနွိုင်း မတ် ၈

အမေရိကန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်ခဲ့သည့် ၂၀၀၆ ခုနှစ် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာသည် မိမိတို့ နိုင်ငံ၏ပကတိအခြေအနေမှန်မှ သွေဖည်ကာ ဘက်လိုက်ရေးသားထားကြောင်း ဗီယက်နမ်အစိုးရက ကြာသပတေးနေ့တွင် ပြောကြားကာ ပယ်ချလိုက်သည်။

ဗီယက်နမ်နိုင်ငံသည် ဒီမိုကရေစီအခြေခံ လူ့ဘောင်တစ်ရပ်ဖြစ်ပြီး ပြည်သူများအတွင်း သာတူညီမျှမှုရှိစွာဖြင့် နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်နေကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရထား ဗုံးခွဲတိုက်ခိုက်ခံရမှု ပူးတွဲစစ်ဆေးသင့်ဟုဆို

အစ္စလမ္မာဘတ် မတ် ၈

နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ရထားပေါ်တွင် ဗုံးခွဲတိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့ ပူးတွဲစုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ခက်အဇစ်က မတ် ၇ရက်တွင် တိုက်တွန်းလိုက်သည်။

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့နှင့်အိန္ဒိယနိုင်ငံရှိ အက်ထရီမြို့အကြား ခုတ်မောင်းလာသော ဆမ်ဂျေးဟိုတာအမည်ရှိ အမြန်ရထားကို ဖေဖော်ဝါရီ ၁၈ရက်က ဗုံးခွဲတိုက်ခိုက်ခဲ့သည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ နှစ်နိုင်ငံပူးတွဲ စုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်ကြောင်း ရှော်ခက်အဇစ်ကပြောကြားသည်။

ရထားဗုံးခွဲတိုက်ခိုက်သူများအား ဖော်ထုတ်နိုင်ရေးအတွက် ပါကစ္စတန်အစိုးရက အကူအညီပေးလိုကြောင်း၊ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ လေ့လာတွေ့ရှိချက်များကို အပြန်အလှန် ဖလှယ်သင့်ကြောင်း အဇစ်ကပြောကြားသည်။

အင်တာနက်။

ဒုတိယမြောက် နိုင်ငံတကာလေကြောင်းလိုင်း သီရိလင်္ကာဖွင့်လှစ်

ကိုလံဘို မတ် ၈

သီရိလင်္ကာနိုင်ငံသည် ဒုတိယမြောက် နိုင်ငံတကာ လေကြောင်းဌာနသစ်ကို ဖွင့်လှစ်လိုက်ကြောင်း မတ် ၈ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဒုတိယမြောက်ဖွင့်လှစ်သည့် နိုင်ငံတကာလေကြောင်း ဌာနသစ်မှာ မီဟင်အဲဟူ၍အမည်ရှိပြီး အစိုးရပိုင်ဖြစ်သည်။

မီဟင်အဲလေကြောင်းဌာနသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်းစုစုပေါင်း၅၈ဦး လိုက်ပါလာသော လေယာဉ်တစ်စင်းသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ထရီဗင်ဒရမ်မြို့တွင် ဆင်းသက်ခဲ့သည်။ မီဟင်အဲလေကြောင်းဌာနသည် လေယာဉ်လက်မှတ်ခ ဈေးချိုချိုဖြင့် ခရီးစဉ်များပျံသန်းပြေးဆွဲမည်ဖြစ်သည်။ ယင်းလေကြောင်းဌာနသည် အိန္ဒိယနှင့် အရှေ့အလယ်ပိုင်း လေကြောင်းဈေးကွက်များအတွင်းသို့ ထိုးဖောက်ဝင်ရောက်မည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာလေကြောင်းဌာနကို ၁၉၇၉ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ မီးလောင်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ နိုင်ငံခြားတပ်များ ရုပ်သိမ်းပေးရေး လုံခြုံရေးကောင်စီကို အာရပ်အဖွဲ့ချုပ် တိုက်တွန်း

ကိုင်ရို မတ် ၈

အီရတ်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များအားလုံး ပြန်လည်ရုပ်သိမ်းပေးရေးဆိုင်ရာ အချိန်ဇယားသတ်မှတ်ချက်တစ်ရပ်ကို ရေးဆွဲပေးရန် အာရပ်အဖွဲ့ချုပ်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို မတ် ၆ရက်ကတိုက်တွန်းလိုက်သည်။

လေ့လာ

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အခြေစိုက် အာရပ်အဖွဲ့ချုပ်သည် အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ပြဿနာများနှင့် ပတ်သက်၍ သုံးသပ်လေ့လာခဲ့သည်။

မျှဝေခံစား

အီရတ်နိုင်ငံမှ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များအားလုံး ပြန်လည်ရုပ်သိမ်းပေးရန်၊ အီရတ်နိုင်ငံ၏ ရေနံလုပ်ငန်းဆိုင်ရာ ဓနဥစ္စာများအားလုံးကို ပြည်သူများ မျှဝေခံစားနိုင်ရန်၊စစ်သွေးကြွများအားလုံးလက်နက်စွန့်ရန် စသည့်အချက်အလက်များ ပါဝင်သော အစီရင်ခံစာတစ်စောင်ကို အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမားမူဆာကလုံခြုံရေးကောင်စီထံသို့ တင်သွင်းလိုက်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံသည် အီရတ်မှ၎င်း၏တပ်ဖွဲ့များ ရုပ်သိမ်းပေးရေးအတွက် အချိန်ဇယား သတ်မှတ်ခြင်းကို ပယ်ချထားသည်။

ရာထူးမှနုတ်ထွက်

အာရပ်နိုင်ငံများမှ အစိုးရအဖွဲ့များသည် အီရတ်တွင် သြဇာညောင်းမှု အလွန်နည်းပါးလျက်ရှိသည်။ အီရတ်နိုင်ငံဆိုင်ရာ အာရပ်အဖွဲ့ချုပ်ကိုယ်စားလှယ်သည် ဇန်နဝါရီလအတွင်း ရာထူးမှနုတ်ထွက်သွားခဲ့သည်။ အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ စိတ်ပျက်မိသည်ဟုဆိုကာ ရာထူးမှ နုတ်ထွက်ခြင်းဖြစ်သည်။ ***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ ကွမ်စီကျွမ်းဒေသတွင် ရိုးရာမြင်းပွဲ ပြုလုပ်နေသည်ကို မတ် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

❍ စာမျက်နှာ ၃ မှ

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် သီတဂူ ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ ဉာဏိဿရက မူဝါဒဆိုင်ရာမိန့်ခွန်း (Key Note Speech)ကို မြွက်ကြားတော်မူသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Mahamakut Buddhist University မှ ပါမောက္ခချုပ် ဆရာတော် Ven.Phra Theppariyattiwimol က နှုတ်ခွန်းဆက်အမှာစကား မြွက်ကြားတော်မူသည်။

ထို့နောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Mahachulalongkornrajavidyalaya University မှ ပါမောက္ခချုပ် ဆရာတော် Ven. Prof. Dr. Phra Dharmakosajarnက နှုတ်ခွန်းဆက်အမှာစကား မြွက်ကြားတော်မူသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၂၂ခုတို့မှ အဓိပတိနှင့် ဒုတိယအဓိပတိဆရာတော်များ၊ ပါမောက္ခချုပ် ဆရာတော်များ၊ ပညာရှင် ဆရာတော်များနှင့် နိုင်ငံတကာမှ ထေရဝါဒ ဗုဒ္ဓဘာသာ သုတေသီများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေးသို့ တက်ရောက်တော်မူလာကြသည့် နိုင်ငံတကာမှ ဗုဒ္ဓတက္ကသိုလ်နှင့် ကောလိပ်များမှာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ စစ်တကောင်းတက္ကသိုလ်၊ ကမ္ဘောဒီးယားနိုင်ငံမှ ပရိသီဟာ မုနိရာဇာ ဗုဒ္ဓတက္ကသိုလ်နှင့် သီဟာနုရာဇာ ဗုဒ္ဓတက္ကသိုလ်၊ အိန္ဒိယနိုင်ငံမှ ဒေလီတက္ကသိုလ်နှင့် နလန်ဒါတက္ကသိုလ်၊ ထိုင်းနိုင်ငံမှ ဆုန်ခလာ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓကောလိပ်၊ ဗန်ကောက်မြို့ရှိ မဟာချူလာလောင်ကွန်တက္ကသိုလ်နှင့် မဟာမောင်းဂွတ်ဗုဒ္ဓတက္ကသိုလ်၊ နီပေါနိုင်ငံမှ ထရိုင်ဘူဗန်တက္ကသိုလ်၊ စင်ကာပူသမ္မတနိုင်ငံမှ ဗုဒ္ဓဘာသာနှင့်ပါဠိကောလိပ်နှင့် မြန်မာဗုဒ္ဓဘာသာဘုရားကျောင်း၊အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့ရှိဗုဒ္ဓဓမ္မအလင်းရောင်အသင်းကြီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ထေရဝါဒဗုဒ္ဓကောလိပ်၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ဗုဒ္ဓဘာသာနှင့် ပါဠိတက္ကသိုလ်နှင့် ဗုဒ္ဓသာဝကဘိက္ခုတက္ကသိုလ်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ကေတာဂျာဆာ ဗုဒ္ဓကောလိပ်၊ ဇောဓိဓမ္မ ဗုဒ္ဓကောလိပ်၊ နလန်ဒါ ဗုဒ္ဓကောလိပ်၊ ဆိုင်လင်ဒရာ ဗုဒ္ဓကောလိပ်၊ ဆမာရာ တွန်ဂါ ဗုဒ္ဓကောလိပ်နှင့် ဖိနရက္ခိတ ဗုဒ္ဓကောလိပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃာ့ကောလိပ်နှင့် မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့ဖြစ်သည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေးကို မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မကွေးတိုင်းရှိ ပုပ္ပားတောင်ဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးတွင် ဗုဒ္ဓတက္ကသိုလ် ပညာရှင်တို့၏ နည်းစနစ်နှင့် အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်ခြင်း၊ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များ အစည်းအရုံး တစ်ခုထူထောင်ခြင်း၊ နည်းပညာ၊ နည်းပြနှင့် ကျောင်းသားများ အပြန်အလှန်လဲလှယ်ရေး သဘောတူညီချက် စာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀–၃–၂၀၀၇ (စနေနေ့)

၁၃၆၈ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ အတီးပြိုင်ပွဲ

၈း၁၀ ၆။ တေးဂီတအစီအစဉ်

၈း၃၀ ၇။ International News.

၈း၄၅ ၈။ Grammar Made Easy.

၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၅ ၂။ တေးဂီတအစီအစဉ်

၁၁း၃၀ ၃။ ပြည်တွင်းသတင်း

၁၁း၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂း၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂း၄၀ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ

၁၂း၅၀ ၇။ **"နှစ်မြှာနတ်မိမယ်" (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ–အောင်ကျော်ကျော်)**

၁း၁၀ ၈။ နိုင်ငံစီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ

၁း၂၅ ၉။ အဆိုပြိုင်ပွဲ

၁း၃၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁း၅၀ ၁၁။ ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား

၂း၀၀ ၁၂။ အကပြိုင်ပွဲ

၂း၁၅ ၁၃။ အံတော်ကျေးရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုပုံရိပ်များ

၂း၂၅ ၁၄ **"သတိတစ်ချက် တစ်သက်အမှား" (ကျော်ရဲအောင်၊ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သကြိန်အောင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**

၂း၃၅ ၁၅။ အတီးပြိုင်ပွဲ

၂း၄၅ ၁၆။ International News.

၃း၀၀ ၁၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄း၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**

၄း၄၀ ၄။ တေးဂီတအစီအစဉ်

၄း၅၅ ၅။ မြင်းခြံစိန်ရဲနောင် ဆိုင်းအဖွဲ့ဖျော်ဖြေခန်း

၅း၁၅ ၆။ တေးဂီတအစီအစဉ်

၅း၂၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်

၅း၅၀ ၈။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ

၆း၀၀ ၉။ ညနေခင်းသတင်း

၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်

၇း၀၅ ၁၂။ နိုင်ငံစီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ

၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း–၈)**

၈း၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း–၁)**

၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ချောင်းမငယ်ရေလှောင်တမံ ရေပေးဝေမှုနှင့် ကျောက်တစ်လုံး ကျောင်းစုကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၉

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် လယ်ဝေးမြို့နယ် ချောင်းမငယ် ရေလှောင်တမံ ရေပေးဝေမှုနှင့် ရေဝေမှုအခြေအနေကိုလည်းကောင်း၊ ကျောက်တစ်လုံး ကျောင်းစုကျေးရွာ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရန် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် လယ်ဝေးမြို့နယ်သို့ ရောက်ရှိပြီး ရှေးဦးစွာ ကျောက်တစ်လုံး ကျောင်းစုကျေးရွာရှိ ရေပေးဝေမှုအခြေအနေကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း၊ စာသင်ကျောင်းများနှင့် ကြက်ဆူပင်စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် လယ်ဝေးမြို့နယ် ချောင်းမငယ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့က ကျောက်တစ်လုံး ကျောင်းစုကျေးရွာ တိုးတက်ရေး စာကြည့်ခန်းအတွက် မဂ္ဂဇင်း၊ ဂျာနယ်များကို စာကြည့်တိုက်မှူးများအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းသို့ သွားရောက်၍ ငွေကျပ် ၅၂၀၀၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို ဆေးခန်းတာဝန်ခံအား ပေးအပ်ပြီး ဆေးဝါးများကို အကျိုးရှိရှိ စနစ်တကျ သုံးစွဲရန်မှာကြားကာ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် ကျောက်တစ်လုံး ကျောင်းစုကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြပြီး ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာမိထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောက်တစ်လုံး ကျောင်းစုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ကြပြီး ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ကြည်ထံ ကျောင်းသုံးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် ကျောက်တစ်လုံး ကျောင်းစုကျေးရွာမှ ပြည်သူများနှင့် အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ တွေ့ဆုံကြသည်။

ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်ချပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ပြည်သူများအနေဖြင့် နိုင်ငံတော်၏ စေတနာအမှန်ကို သိရှိနားလည်ကြပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ လျှပ်စစ်မီးရရှိရေးကိုလည်း သက်ဆိုင်ရာများမှ တာဝန်ရှိသူများဖြင့် ညှိနှိုင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ စီမံကိန်းဝင် သီးနှံများဖြစ်သော မိုးစပါး၊ နွေစပါး၊ ပဲအမျိုးမျိုးနှင့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း တိုးတက်အောင်မြင်အောင် ကြိုးစားစိုက်ပျိုးကြရန် လိုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ကျေးရွာပြည်သူများကိုယ်စား ကျောက်တစ်လုံး ကျောင်းစုကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းနှင့် အဖွဲ့ဝင်များက တင်ပြဆွေးနွေးကြရာ တိုင်းမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးက ကျောက်တစ်လုံး ကျောင်းစုကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့ဝင်များအား တူညီဝတ်စုံများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် ဌာနဆိုင်ရာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျေးရွာပြည်သူများကိုယ်စား ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်အုန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီးတို့က ကျေးရွာပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာအနီးရှိ ချောင်းမငယ် ရေလှောင်တမံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ချောင်းမငယ် ရေလှောင်တမံ အမျိုးအစားမှာ မြေသားတမံဖြစ်ကြောင်း၊ ကီလိုဝပ် ၅၀ ရေအားလျှပ်စစ် တာဘိုင်တစ်လုံး တပ်ဆင်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ဝဒသမ ၁၆ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၈၀၀၀ ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် ဖြည့်စွက်ပေါင်းစပ် ညှိနှိုင်းပေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ချောင်းမငယ် ရေလှောင်တမံ၏ ရေထိန်းမျှော်စင်မှ ရေဝင်ဧရိယာနှင့် ထိစပ်နယ်မြေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ပန်းညိုစမ်းနှင့် ကြိမ်ဖမ်းကျေးရွာတို့အနီး ရေသွယ်မြောင်း တူးဖော်နေမှုကိုလည်းကောင်း၊ မဒေါပင်ကျေးရွာအနီး စက်ယန္တရားကြီးများဖြင့် ရေပေးမြောင်းများ တူးဖော်နေမှုကိုလည်းကောင်း၊ ကုန်းပေါ်စုကျေးရွာ ကန်လှကျေးရွာနှင့် ရှမ်းစုကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း ထန်းတပင်မြို့နယ်အတွင်း သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့်မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ ပြည်သူတစ်ဦး ခြေထောက်ပြတ် ဒဏ်ရာရရှိ

နေပြည်တော် မတ် ၉

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက် နံနက် ၁၁ နာရီခွဲခန့်က ထန်းတပင်မြို့နယ် ကျောက်ကြီးပေါက်ကျေးရွာမှ ဦးခေါ်တော၏သား မင်းမင်း၊ အသက်(၂၅)နှစ်သည် ယင်း၏ညီဖြစ်သူ လှစိုးနှင့်အတူ ထင်းနှင့် ဝါးများခုတ်ရန် ရွာအနီး တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ မင်းမင်း၏ ညာဘက်ခြေထောက် ခြေကျင်းဝတ်အထက်မှ ပြတ်ပြီး ဘယ်ဘက်ခြေသလုံးတို့၌ မိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိသည့် မင်းမင်းအား သက်ဆိုင်ရာတာဝန်ရှိသူများက ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးအတွက်စားသုံးဆီ

ပါမောက္ခဒေါက်တာပိုင်စိုး

အစာအာဟာရများတွင် အဆီဓာတ်ဟူ၍ ပါဝင်သကဲ့သို့ အစာများချက်ပြုတ်ရာတွင်လည်း စားသုံးဆီသည် မပါမဖြစ်သော အစာတစ်ခုဖြစ်ပေသည်။ နေ့စဉ်စားသုံးနေကျ အစာအာဟာရများမှ ရရှိသော ကယ်လိုရီစွမ်းအင်များမှာ အဆီမှ ၂၅–၃၅ ရာခိုင်နှုန်း၊ ကာဘိုဟိုက်ဒြိတ်မှ ၅၀–၇၀ ရာခိုင်နှုန်း၊ ပရိုတိန်းဓာတ်မှ ၁၀–၁၅ ရာခိုင်နှုန်း ရရှိပါသည်။ သွေးထဲရှိ ကိုလက်စထရောလ် ၅၀ ရာခိုင်နှုန်းခန့်သည် လူတို့၏ခန္ဓာကိုယ်တွင် တည်ဆောက်နိုင်ပြီး ၅၀ ရာခိုင်နှုန်းကသာလျှင် အစားအစာမှ ရရှိပါသည်။

"အဆီများကို လျှော့စားပါ"၊ "အဆီဓာတ်နည်းသော အစာများကိုသာ စားသင့်သည်"စသည့် လမ်းညွှန်မှုများကို လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် လူအများ သိရှိခဲ့ကြသော်လည်း ယခုအခါတွင်မူ စားသုံးမည့် အဆီအမျိုးအစား မှန်ကန်စွာ ရွေးချယ်တတ်ရန်မှာ ပိုမိုအရေးကြီးကြောင်း သိရှိလာရပေသည်။

အဆီနှင့် ကိုလက်စထရောလ်များသော အစားအစာများသည် နှလုံးရောဂါ၊ ကင်ဆာရောဂါ ဖြစ်ပွားမှုများနှင့် ဆက်နွှယ်မှုရှိသည်ဟု ယခင်ကတည်းက သိရှိခဲ့ပြီး ကိုလက်စထရောလ်ပါဝင်သော အစားအစာများကို ဆီးချိုရောဂါရှိသူများသည် အထူးလျှော့ချ၍ စားသုံးသင့်ကြောင်း သိရှိရပါသည်။

အာရှနှင့် အာဖရိကတိုက်များတွင် လူအများစုသည် ဆီအရည်ဟု ခေါ်ဆိုနိုင်သော Unsaturated fatty acidပါဝင်သော မြေပဲဆီ၊နှမ်းဆီ၊ မုန်ညင်းဆီ၊ သစ်ဆိမ့်ဆီ၊ နေကြာစေ့ဆီတို့ကို အများဆုံး စားသုံးကြပါသည်။ ဥရောပနှင့်အမေရိက စသော အနောက်နိုင်ငံများတွင် ဆီအခဲဟု ခေါ်ဆိုသော Saturated fatty acid ပါဝင်သော ထောပတ်၊ ဒိန်ခဲ၊ အမဲဆီတို့နှင့် ဆီအရည်ဖြစ်သော သံလွင်ဆီ၊ ပြောင်းဆီ၊ ဝါစေ့ဆီတို့ကို အများဆုံးသုံးစွဲခဲ့ကြရာ နှလုံးရောဂါနှင့် သွေးတိုးရောဂါများ အဖြစ်များကြောင်းကို တွေ့ရှိခဲ့ကြသဖြင့် အဆီနှင့်ဆက်စပ် သုတေသနများကို ပိုမိုပြုလုပ်လာကြရာမှ အဆီ၏အန္တရာယ်များကို တဖြည်းဖြည်း ပိုမိုသိရှိလာကြရသည်။ ထို့ကြောင့် ဆီအခဲများကို စားသုံးလျှင် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါနှင့် အဝလွန်ရောဂါတို့ ဖြစ်ပွားနိုင်သောကြောင့် ပြည့်ဝအဆီကို စားသုံးရန် မသင့်၊ အသက်အန္တရာယ်ရှိသည်ဟူသော တိုက်တွန်းသံ၊ ဝေဖန်သံများ ကမ္ဘာတစ်ဝန်းတွင် သောသောညံ လာရပေသည်။

သို့ရာတွင် ယခုအခါ အဆီများနှင့်ပတ်သက်၍ ပိုမိုလေးနက်သော သုတေသနများ ပြုလုပ်လာသောအခါ အဆီများသည် ကျန်းမာရေးအပေါ်တွင် အာနိသင်နှစ်မျိုးရှိနိုင်ကြောင်း သိရှိလာရပါသည်။ အချို့သော အဆီများမှာ အသက်အန္တရာယ်ဖြစ်စေ၍ ရှောင်ရှားသင့်သလို၊ အချို့မှာလည်း ကောင်းသောအဆီဖြစ်၍ ခန္ဓာကိုယ်ကို အကျိုးဖြစ်သောကြောင့် စားသုံးသင့်ကြောင်း၊ သို့သော် ခန္ဓာကိုယ်မှလိုအပ်သော ကယ်လိုရီ ပမာဏအတွင်းသာ စားသုံးသင့်ပြီး အဆီစားသုံးမှုများပါက မည်သည့် အဆီအမျိုးအစားပင်ဖြစ်စေ ကိုယ်အလေးချိန် တိုးလာပါမည်။

ကိုလက်စထရောလ် (Cholesterol)

၁၉၅၀ ပြည့်နှစ်မှစ၍ ၁၉၈၀ ပြည့်နှစ်အတွင်း ဆီအခဲများစားသုံးမှုနှင့် သွေးတိုးရောဂါ၊ နှလုံးရောဂါတို့ ဆက်စပ်မှုရှိနေကြောင်းကို ပညာရှင်များက ပိုမိုသိရှိလာခဲ့ကြသည်။ ကိုလက်စထရောလ် အနှစ်များသည် သွေးကြောများ၏ အတွင်းနံရံများတွင် တွယ်ကပ်ထားပြီး ချေဖျက်ရန်ခက်ခဲသော အခဲ (Plaque)များ ဖြစ်ပေါ်စေသဖြင့် သွေးကြောလေးများကို ကျဉ်းမြောင်းစေပြီး သွေးသွားလာမှုကို နှေးစေ၊ ပိတ်စေပါသည်။ ၎င်းကို သွေးကြောမာခြင်း (Artherosclerosis)ဟု ခေါ်ပါသည်။ ၎င်းဖြစ်စဉ်သည် နှလုံးကြွက်သားများအား အာဟာရပေးနေသော သွေးကြော(Coronary arteries)များတွင် အထူးသဖြင့် ဖြစ်ပေါ်တတ်ပြီး ၎င်းတို့ကြောင့် သွေးကြောငယ်များမှ နှလုံးအတွက် သယ်ဆောင်လာသော အောက်ဆီဂျင်နှင့် အာဟာရများ တဖြည်းဖြည်း လျော့ကျ ပြတ်တောက်လာသောအခါ နှလုံးကြွက်သားများ နာကျင်မှုကိုဖြစ်စေပြီး နှလုံးအောင့်ခြင်း (Angina)ကို ခံစားရပါသည်။ ထို့ပြင် ၎င်းအဆီခဲ (Plaque)များ သွေးကြော နံရံမှ ပြုတ်ထွက်ပြီး အခြားသွေးကြောများတွင် သွားရောက်ပိတ်ဆို့ခြင်းကြောင့် လေဖြတ်ခြင်း၊ နှလုံးနာကျင်ခြင်း၊ နှလုံးခုန်ရပ်၍ ရုတ်တရက် သေဆုံးခြင်းများ ဖြစ်ပွားတတ်ပါသည်။

သိပ်သည်းဆနည်းသော လိုင်ပိုပရိုတိန်း (Low Density Lipoproteins)

သိပ်သည်းဆနည်းသော လိုင်ပိုပရိုတိန်း (LDL) များ သွေးထဲတွင်များနေပါက နှလုံးသွေးကြောများတွင် စုပုံ၍ သွေးကြောမာခြင်း၊ သွေးကြောပိတ်ခြင်းများ ဖြစ်နိုင်သောကြောင့် မကောင်းသောအဆီ (bad cholesterol)ဟု ခေါ်ဆိုကြသည်။

သိပ်သည်းဆများသော လိုင်ပိုပရိုတိန်း (High Density Lipoproteins)

သိပ်သည်းဆများသော လိုင်ပိုပရိုတိန်း (HDL) သည် သွေးထဲမှကိုလက်စထရောလ်များကို လျော့နည်းစေသဖြင့် ၎င်းကို ကောင်းသောအဆီ (good cholesterol)ဟု ဆိုကြသည်။ သို့ဖြစ်၍ LDL များပြီး HDL နည်းလျှင် သွေးကြောမာ၊ သွေးကြောပိတ်နှင့် နှလုံးရောဂါ (heart attack)များ ပိုမိုဖြစ်နိုင်ခြေရှိပါသည်။

သွေးထဲရှိ ကိုလက်စထရောလ်ပမာဏသည် အစားအသောက်ထဲရှိ ကောင်းသောအဆီနှင့် မကောင်းသော အဆီများ ပါရှိမှုအပေါ်တွင် မူတည်နေပေသည်။ အသက် ၂၀နှင့်အထက် လူတစ်ဦးတွင် သွေးထဲရှိ စုစုပေါင်း ကိုလက်စထရောလ်မှာ 200 mg/dl ထက်နည်း၍ HDL မှာ 40 mg/dl ထက်များပြီး LDL မှာ 100mg/dlခန့်လောက်သာ ရှိသင့်သည်ဟု အမျိုးသား ကိုလက်စထရောလ် ပညာပေးရေးအစီအစဉ်မှ ချမှတ်ထားပေသည်။

မကောင်းသောအဆီ (Bad Fats)

အချို့ မကောင်းသော အဆီများသည် သွေးထဲရှိ ကိုလက်စထရောလ်ပမာဏများကို ပိုမိုများစေပါသည်။

ငါးအဆီတွင် Alpha - linolenic acid (Omega-3) ပါဝင်ပြီး နှလုံးရောဂါဖြစ်ပွားမှု လျော့နည်းစေကြောင်း တွေ့ရှိရပါသည်။ ငါးအဆီသည် သွေးတွင်းရှိဆဲလ်များ သွေးကြောများအတွင်း တွယ်ကပ်မှု မရှိစေရန်နှင့် သွေးခဲများ မဖြစ်ပေါ်စေရန် ဟန့်တားပေးသဖြင့် နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ငါးနှင့် ငါးအဆီတို့ကိုစားသုံးခြင်းဖြင့် နှလုံးရောဂါကြောင့် ရုတ်တရက် သေဆုံးမှုမှ ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ သုတေသန တွေ့ရှိချက်များအရ တစ်ပတ်လျှင် ငါးကို တစ်ဆယ် ကျပ်သားခန့် စားသုံးလျှင်ပင် နှလုံးရောဂါကြောင့် သေဆုံးခြင်းကို ၃၆ ရာခိုင်နှုန်းအထိ လျော့နည်းစေကြောင်း တွေ့ရှိရပါသည်။

၎င်းတို့မှာ ပြည့်ဝအဆီ(Saturated Fat)များ ဖြစ်ပြီး အများစုမှာ တိရစ္ဆာန်အဆီများဖြစ်သည်။ မကောင်းသော အဆီကို အမဲဆီ၊ ဝက်ဆီ၊ ထောပတ်၊ မလိုင်မထုတ်ရသေးသော နွားနို့၊ ဒိန်ခဲ၊ ရေခဲမုန့်၊ ကြက်ငှက်တို့၏ အရေခွံများနှင့် ကြက်ဥအနှစ်များတွင် တွေ့ရှိရသည့် အပြင် အုန်းနို့၊ အုန်းဆီနှင့် စားအုန်းဆီ တို့တွင်လည်း များစွာ ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ပြည့်ဝဆီ (Saturated Fat)များသည် သိပ်သည်းဆ နည်းသော အဆီ (LDL) ကို များစေ၍ ကျန်းမာရေးအတွက် ဆိုးကျိုး ဖြစ်စေပါသည်။

ပြောင်းလဲဆီ (Trans Fat)

၎င်းအဆီသည် အဆီများတွင်အဆိုးဆုံး၊ အန္တရာယ်အများဆုံးနှင့် ကျန်းမာရေးထိခိုက်မှုအရှိဆုံး အဆီဖြစ်သည်။ ၎င်းအဆီသည် ဟင်းရွက်ဆီနှင့်အခြားဆီများအား အခဲဖြစ်စေခြင်း၊ ထပ်တလဲလဲ အပူပေးခြင်းကြောင့် Hydrogenation ဓာတ်ပြောင်းလဲမှု ဖြစ်ပေါ်လာပြီး Trans Fatဟု ခေါ်သောအဆီ (ပြောင်းလဲဆီ)အဖြစ် ထွက်ပေါ်လာသည်။

Trans Fatမှာ ခဲအောင်ပြုလုပ်ထားသော အဆီများ(မာဂျရင်း)၊ အစာများကို မကြာခဏ အပူပေး၍ ကြော်လှော်ပြီးသား ဆီများ၊ အပူပြင်းစွာပေးထားသော အဆီများထဲတွင် နှစ်၍ကြော်ခြင်း (ဥပမာ–အာလူးချောင်းကြော်၊ ကြက်ကြော်)တို့တွင် အများဆုံး ပါဝင်ကြောင်း တွေ့ရှိရသည်။ အကြော်ခံဆီနှင့် ပြန်ကြော်ဆီတို့တွင် ပြောင်းလဲဆီ (Trans Fat)များ ပါရှိနေသောကြောင့် စားသုံးရန်မသင့်ကြောင်း အများဆုံးတွေ့ရသည်။ ၎င်းအဆီသည် မကောင်းသောအဆီ (LDL)နှင့် Triglyceride ကို များစေပြီး ကောင်းသောအဆီ (HDL)ကို ကျဆင်းစေသဖြင့် နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ဆီးချိုနှင့် အခြားသောရောဂါ ဖြစ်ပွားစေနိုင်သောကြောင့် စားသုံးသူများသည် ပြောင်းလဲဆီ (Trans Fat)ကို စားသုံးရန် မသင့်ကြောင်း တွေ့ရှိရပါသည်။

စားသုံးဆီများတွင် ပါဝင်သော အဆီအမျိုးအစားများကို ဖော်ပြသောဇယား

ဆီ	ပြည့်ဝဆီ	Monounsaturated (မပြည့်ဝဆီ)	Polyunsaturated (မပြည့်ဝဆီ)	ပြောင်းလဲဆီ	ကိုလက်စထရောလ်
နှမ်းဆီ	၁၄	၄၄	၄၂	၀	၀
ဆူးပန်းဆီ	၉	၁၂	၇၄	၀	၀
နေကြာဆီ	၁၀	၂၀	၆၆	၀	၀
ပြောင်းဆီ	၁၃	၂၄	၆၀	၀	၀
သံလွင်ဆီ	၁၃	၇၂	၈	၀	၀
ပဲပုပ်ဆီ	၁၆	၄၄	၃၇	၀	၀
မြေပဲဆီ	၁၇	၄၉	၃၂	၀	၀
စားအုန်းဆီ	၅၀	၃၇	၁၀	၀	၀
အုန်းဆီ	၈၇	၆	၂	၀	၀
ချက်ပြုတ်ဆီ					
အဆီခဲ၊ (Shortening)	၂၂	၂၉	၂၉	၁၈	
ဝက်ဆီ	၃၉	၄၄	၁၁	၁	၃၅၀၀ ppm
ထောပတ်	၆၀	၂၆	၅	၅	

ကောင်းသောအဆီသည် လူတို့လိုအပ်သော စွမ်းအင်ကိုထုတ်ပေးခြင်း၊ စိတ်အတက်အကျ ဖိစီးမှုကို ခံနိုင်ခြင်း၊ အာရုံစူးစိုက်နိုင်ခြင်း၊ မှတ်ဉာဏ်နှင့် စွမ်းရည် တိုးတက်ခြင်း၊ မျက်စိအမြင်အားကောင်းခြင်း၊ အရေပြား၊ ဆံပင်၊ လက်သည်း၊ ခြေသည်းတို့ကို စိုပြည်ချောမွေ့စေခြင်း၊ ကင်ဆာနှင့်ဆီးချိုရောဂါ ဖြစ်ပွားမှုနည်းစေခြင်း၊ နှလုံးသွေးကြောရောဂါ ဖြစ်ပွားမှု ကျဆင်းစေခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းများ ရောင်ရမ်းမှုကို ကျစေခြင်း၊ အနာကျက်စေခြင်း၊ အရိုးပါးခြင်းကို ကာကွယ်ခြင်း၊ အိပ်ပျော်ခြင်း၊ အသည်းနှင့်ကျောက်ကပ်၏ လုပ်ငန်းဆောင်တာများ ပိုမိုကောင်းမွန်စေခြင်းတို့ကို ဖြစ်စေပါသည်။

Polyunsaturated fat နှင့် Monounsaturated fat တို့သည် မပြည့်ဝအဆီ (ကောင်းသောအဆီ)များ ဖြစ်သည်။ Polyunsaturated fat သည် နေကြာစေ့ဆီ၊ ပြောင်းဖူးဆီနှင့် ပဲပုပ်ဆီတို့တွင် အများဆုံးပါဝင်ပြီး Monounsaturated fat သည် မြေပဲဆီနှင့် သံလွင်ဆီ တို့တွင် အများဆုံးပါဝင်ပါသည်။ ၎င်းတို့ကို စားသုံးခြင်းဖြင့် မကောင်းသောအဆီ (LDL) ကို ကျစေပြီး Monounsaturated fat သည် ကောင်းသောအဆီ (HDL)ကို တက်စေပါသည်။ ဟင်းသီးဟင်းရွက်မှရသော အဆီများသည် ကိုလက်စထရောလ် လုံးဝ ပါဝင်ခြင်းမရှိဘဲ တိရစ္ဆာန်အဆီများတွင်သာ ကိုလက်စထရောလ် ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ဥပမာ အားဖြင့် ဝက်ဆီတွင် ကိုယ်လက်စထရောလ် ၃၀၀၀ မှ ၄၀၀၀ ppm ပါဝင်၍ ဟင်းရွက်ဆီများတွင် လုံးဝ မပါဝင်ကြောင်း တွေ့ရှိရပါသည်။

ကောင်းသော အဆီများသည် ပြင်းထန်သော နေရောင်ခြည်၊ လေသလပ်ခြင်း၊ ပြင်းထန်သော အပူဓာတ်တို့နှင့် ကြာရှည်စွာ ထိတွေ့သောကြောင့် မကောင်းသော အဆီအဖြစ်သို့ ပြောင်းလဲသွားနိုင်သဖြင့် ကောင်းသောအဆီများကို မှန်ကန်သောနည်းစနစ်ဖြင့် ထုပ်ပိုးသိမ်းဆည်းထားရန် လိုအပ်ပါသည်။

ငါးအဆီနှင့် ကျန်းမာရေး

ငါးအဆီတွင် Alpha - linolenic acid (Omega-3)**ပါဝင်ပြီး နှလုံးရောဂါ ဖြစ်ပွားမှုလျော့နည်းစေကြောင်း တွေ့ရှိရပါသည်။ ငါးအဆီသည် သွေးတွင်းရှိ ဆဲလ်များ သွေးကြောများအတွင်း တွယ်ကပ်မှု မရှိစေရန်နှင့် သွေးခဲများ မဖြစ်ပေါ်စေရန် ဟန့်တားပေးသဖြင့် နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ငါးနှင့် ငါးအဆီတို့ကို စားသုံးခြင်းဖြင့် နှလုံးရောဂါကြောင့် ရုတ်တရက် သေဆုံးမှုမှ ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ သုတေသန တွေ့ရှိချက်များအရ တစ်ပတ်လျှင် ငါးကို တစ်ဆယ် ကျပ်သားခန့် စားသုံးလျှင်ပင် နှလုံးရောဂါကြောင့် သေဆုံးခြင်းကို ၃၆ ရာခိုင်နှုန်းအထိ လျော့နည်းစေကြောင်း တွေ့ရှိရပါသည်။** နှလုံးရောဂါရှိသူများသည် တစ်နေ့လျှင် Omega-3တစ်ဂရမ်ကို သုံးနှစ်ခွဲကြာအောင် စားသုံးခြင်းဖြင့် နှလုံးရောဂါကြောင့် သေဆုံးခြင်းကို ၂၅ ရာခိုင်နှုန်းအထိ လျော့နည်းစေကြောင်း သုတေသနများတွင် တွေ့ရှိရပါသည်။ ၎င်းOmega-3တစ်ဂရမ်သည် ငါးများကို တစ်ကြိမ်စားလျှင် တစ်ဆယ်ကျပ်သားနှုန်းဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ် စားခြင်းနှင့် ညီမျှကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ငါးများ (သို့မဟုတ်) ပင်လယ်စာများကို တစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ် စားသုံးသင့်ကြောင်း တွေ့ရှိရပြီး၊ ကိုယ်ဝန်ဆောင်မိခင်များတွင် ငါးကို တစ်ပတ်လျှင် နှစ်ဆယ်ကျပ်သားထက် ပိုစားပါက ကလေး၏ ဦးနှောက်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည်ဟု ဆိုကြသည်။ စားသုံးသင့်သောငါးများမှာ ငါးသလောက်၊ ငါးသေတ္တာငါး၊ ငါးကွမ်းရှပ်တို့ကဲ့သို့သော ငါးများ ဖြစ်ပါသည်။

အဆီကြောင့်ဖြစ်ပွားတတ်သောရောဂါများ

ခန္ဓာကိုယ်အတွင်းရှိ အဆီများတွင် မကောင်းသော အဆီများကြောင့် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများနှင့် ဒဂုံတက္ကသိုလ် လမ်းပိုင်းဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးများနှင့် ဒဂုံတက္ကသိုလ် လမ်းပိုင်းဆိုင်ရာ လုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၏ တော်ဝင်လမ်း ခင်းကျင်းဆောင်ရွက်နေမှုနှင့် ရေမြောင်းဖောက်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ သာကေတမြို့နယ်ရှိ ရှုခင်းသာအခွန်လွတ်ဈေးသို့ လည်းကောင်း၊ တာမွေမြို့နယ်ရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကင်းမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးသို့ လည်းကောင်း သွားရောက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်း အတွင်းရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ နွားနို့နှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် မွေးမြူရေး လုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ရေချို၊ ရေငန်ငါးမျိုးစုံ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း၏ ဆန်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်နှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အခွန်လွတ်ဈေးများ၌ ရောင်းချပေးလျက်ရှိသော ဟင်းသီး ဟင်းရွက်၊ အသား၊ ငါးများနှင့် ကုန်ပစ္စည်းများကို လတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုရှိသည်များ ကိုသာ စစ်ဆေးရောင်းချရန် မှာကြားပြီး ဈေးရောင်းချသူနှင့် ဈေးဝယ်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

⇨ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဆီးကျိတ်ကင်ဆာ၊ သားအိမ်ကင်ဆာနှင့် Non Hodgkin's lymphoma (ပြန်ရည်ကျိတ်ကင်ဆာ) စသည့် ရောဂါများသည် အဆီစားသုံးမှုနှင့် ဆက်သွယ်နေကြောင်း တွေ့ရှိရသည်။

ယေဘုယျအားဖြင့် မပြည့်ဝဆီ (Unsaturated Fat)များ ဥပမာ–ပဲဆီ၊ နှမ်းဆီများကို ဟင်းချက်ရာတွင် အသုံးပြုသင့်သည်။ မကြာခဏ ပြန်ကြော်မည့် အစား အစာများ၊ အပူရှိန်ပြင်းပြင်းနှင့် ခပ်ကြာကြာ ကြော်မည့် အစာများ ကြော်လှော်ရာတွင် လည်းကောင်း၊ စားသောက်ဆိုင်များတွင်လည်းကောင်း၊ အသုံးပြုမည့် ဆီသည် ပြောင်းလဲဆီ (Trans Fat) အဖြစ် ပြောင်းလဲခြင်း နည်းပါးမည့် စားအုန်းဆီကို သုံးသင့်ပါသည်။

အထက်ဖော်ပြပါ ဟင်းရွက်ဆီများတွင် ပြောင်းလဲ ဆီ(Trans Fat) ပါဝင်ခြင်း မရှိပါ။ လူတို့၏ ပြုလုပ်မှုကြောင့်သာ (Trans Fat) အဖြစ်သို့ ပြောင်းလဲသွားခြင်း ဖြစ်ပါသည်။

နေကြာဆီနှင့် နှမ်းဆီတို့သည်လည်း ကျန်းမာရေးအတွက် ကောင်းမွန်သည်ဟု ဆိုကြသည်။ မြန်မာနိုင်ငံအတွက်မူ သန့်စင်သော မြေပဲဆီစစ်စစ် အသုံးပြုရန် သင့်လျော်ပေသည်။

ငါးဆီများတွင် Omega- 3 အများဆုံးပါဝင်ပြီး၊ ကိုလက်စထရောလ်ကို အစာအိမ်မှ စုပ်ယူခြင်းအား ကာကွယ်သည်။ ကောင်းသောဆီကို ဟင်းသီးဟင်းရွက် အစိမ်းများမှ လည်းကောင်း၊ အခွံမာသီးနှင့် အစေ့များမှ လည်းကောင်း၊ ငါးများမှ လည်းကောင်း ရရှိနိုင်ပါသဖြင့် ၎င်းတို့ကို နေ့စဉ် စားသုံးသင့်ပါသည်။ အခွံမာ အသီး များထဲတွင် သစ်ကြားသီးသည် မကောင်းသော အဆီကြောင့် ဖြစ်ပွားသော သွေးကြောရောင်ရမ်းခြင်းကို ပျောက်ကင်းစေသည်ဟု သုတေသနအချို့က ဆိုသည်။

အချုပ်အားဖြင့်ဆိုရလျှင် အဆီများအားလုံးကို ရှောင်ရန်မလိုဘဲ ကောင်းသောအဆီဖြစ်သည့် မပြည့်ဝ ဆီ (Unsaturated Fat)များကို စားသုံးနိုင်ပါသည်။ စားသုံးရာတွင်လည်း မိမိတစ်နေ့လိုအပ်သော ကယ်လိုရီ ပမာဏထက် မကျော်လွန်စေဘဲ စားသုံးရပါမည်။ အဆီမှ ရရှိမည့် ကယ်လိုရီပမာဏသည် ကာဗိုဟိုက်ဒြိတ်နှင့် ပရိုတိန်းတို့မှ ရရှိမည့် ပမာဏ၏ နှစ်ဆခန့် ရှိပါသည်။ ပြည့်ဝဆီ (Saturated Fat)နှင့် ပြောင်းလဲဆီ(Trans Fat)များကို တတ်နိုင်သမျှ ရှောင်ကြဉ်ရပါမည်။ အများဆုံး စားသုံးသင့်သောအဆီမှာ Polyunsaturated နှင့် Monounsaturated Fat များ ဖြစ်ပါသည်။

Trans Fatများကို ရှောင်ရန်မှာ အဆီအနည်းငယ် သုံး၍ ဖုတ်ထားသော Bakery အစာများ (ဥပမာ ကိတ်မုန့်၊ ကွတ်ကီ)၊ ဆီများများနှင့် ထပ်တလဲလဲ ပြန်ကြော်ထားသော (Deep fried) အစာများ၊ အသင့် စားသုံးရန် ပြင်ဆင်ထားသောအစာများ (ဥပမာ–အာလူးကြော်၊ ဆီကြော်မုန့်၊ စည်သွတ်ဘူးများ)ကို ရှောင်ရှားရပါမည်။ **ဟင်းရွက်ဆီဖြစ်သော်လည်း အကြော်ခံဆီအဖြစ် အသုံးပြုသောဆီများ၊ ထပ်တလဲလဲ ကြော်လှော်ထားပြီးသော ဆီများကို စားသုံးခြင်းမှ ရှောင်ကြဉ်ရန် သင့်ပါသည်။ စားသောက်ဆိုင်များတွင်လည်း ပြန်ကြော်ဆီ (Trans Fat)များကို ပြန်လည်အသုံးမပြုရန်၊ ပညာပေးရန် လိုအပ် ပါသည်။ အဓိကမှာ မပြည့်ဝဆီများဖြစ်သော မြေပဲဆီ၊ ပဲဆီ၊ ဖွဲနုဆီ၊ သံလွင် ဆီ၊ ပဲပုပ်ဆီ၊ ပြောင်းဖူးဆီ၊ ဝါစေ့ဆီများကို စားသုံးသင့်ပါသည်။**

အသက်အရွယ်မရွေး၊ အထူးသဖြင့် ကလေးများပါ အပါအဝင် အသင့်ပြင်ဆင်ရောင်းချသော အစားအစာ များဖြစ်သည့် ဝက်အူချောင်း၊ ကြက်အူချောင်း၊ အသား ညှပ်ပေါင်မုန့်၊ အဆာသွတ်ပေါင်မုန့်၊ ဆာလာမီ၊ အာလူးကြော်၊ ကြက်ကြော် စသော အစားအစာများကို ရှောင်ကြဉ်သင့်ကြောင်း၊လတ်ဆတ်သော အသီးအနှံများကို အစားထိုး စားသုံးသင့်ကြောင်းစေတနာထား၍ တိုက်တွန်းအကြံပြုလိုက်ရပါသည်။ ။

ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံဆရာဝန်အသင်း ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာအဖွဲ့က World Kidney Day ကို ကြိုဆိုသောအားဖြင့် စဉ်ဆက်မပြတ် ဆေးပညာ ဟောပြောပွဲ တစ်ရပ် (Continuous Medical Education Programme) ကို မတ် ၁၀ရက် (စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အဖြစ်များသည့် ဆီးနှင့်ကျောက်ကပ်ဆိုင်ရာ ရောဂါများနှင့် ပတ်သက်သည့် တွေ့ရှိချက်များကို ဆီးနှင့် ကျောက်ကပ် အထူးကုဆရာဝန်ကြီးများက ဟောပြောပို့ချမည်ဖြစ်၍ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲအင်းဂူသင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်း တိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း အထူးအဓိဋ္ဌာန်တရားစခန်းကို ဧပြီ ၉ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၆၂၀၀၁၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် မူလသဲအင်းဂူဆရာတော်ကြီး ဓာတ်တော်လှည့်လည်ပူဇော်ပွဲကို ဧပြီ ၁၄ရက် (သင်္ကြန်အကျနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၃–၂၀၀၇ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	အမွေခံထိုက်သူဖြစ်ပါစေ တရားတော် (ဒုတိယပိုင်း) “ဒေါက်တာအရှင်ကောဝိဒ” (မဇ္ဈိမဂုဏ်ရည်ဆရာတော်)
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ပျော်ရွှင်ကစားမြွေလှေကား
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေးစောင့်ရှောက်မှု
၉း၁၀	(၇၉)ကြိမ်မြောက် အော်စကာ ဆုပေးပွဲအခမ်းအနား
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	လောက၌အကောင်းဆုံးသော အမွေ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနှင့် ဝတ်မှုန်ကူးခြင်း)
၁၁း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၀	မိုးလေဝသခန့်မှန်းချက်
၁၁း၅၅	စုပေါင်းနွဲပျော် ဆွမ်းလောင်းပွဲတော်
၁၂း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀	Activities In The City
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	ရန့်စုံထူးကဲ ဆပ်ပြာမွှေးခဲ
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့် သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၁၁း၅၅	Middlesbrough-Man Utd	5-Sports(Live)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရန်ဆိုသည်မှာ နိုင်ငံ၊ လူမျိုး၏ သမိုင်းနှင့် အစဉ်အလာကို သိထားရန်လို

❖ ရှေ့ဖုံးမှ

နည်းပညာများ တိုးတက်ပြောင်းလဲမှုနှင့် ယှဉ်တွဲပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ပြောင်းလဲနေသည့် အချိန်အခါဖြစ်ခြင်းကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ယဉ်ကျေးမှုဆိုင်ရာမူဝါဒကို ယိုယွင်းပျက်စီးသွားခြင်း မရှိအောင် သတိနှင့်ယှဉ်ပြီး ထိန်းသိမ်းစောင့်ရှောက်သွားရမည့် အချိန်အခါဖြစ်ကြောင်း။

ယနေ့ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး နယ်ပယ်အသီးသီး၌ မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားရှုထောင့်ကနေ အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အခြားကမ္ဘာ့နိုင်ငံများနည်းတူ မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်ရေး အတွက် အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နေသည်သာမက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်ပါ စောင့်ရှောက်နေရသော အခြေအနေတွင်လည်း ရှိနေကြောင်း၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးဆိုသည့် ဦးတည်ချက်နှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်စေရန် မျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်ကြောင်း။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရန်ဆိုသည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းနှင့်အစဉ်အလာကို သိထားရန်လိုကြောင်း၊ မိမိတို့မြန်မာလူမျိုးသည် ရှေးနှစ်သန်းပေါင်း ၄၀ ခန့်ကတည်းကရှိခဲ့သော လူသားမျိုးနွယ်များဖြစ်ကြောင်းကို ပုံတောင်ပုံညာဒေသ၌ ရှာဖွေတွေ့ရှိခဲ့သည့် ပရိုင်းမိတ်များက ခိုင်လုံသော သက်သေခံနေပြီဖြစ်ကြောင်း၊ ယင်းကိုလည်း နိုင်ငံတကာပညာရှင်များက အသိအမှတ်ပြုထားကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာတိုင်းရင်းသားများသည် မြန်မာ့ရေမြေ၌ ရှေးယခင်ကာလများကတည်းက ပေါက်ဖွားဆင်းသက်လာခဲ့သော လူမျိုးဖြစ်ကြောင်းကို အခိုင်အမာ မှတ်တမ်းတင်နိုင်ပြီဖြစ်ကြောင်း၊ **သမိုင်းအစဉ်အလာကြီးမားသော မိမိတို့လူမျိုး၏ ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကိုလည်း ရှာဖွေတွေ့ရှိ သုတေသနပြုပြီးဖြစ်ခြင်းကြောင့် မိမိလူမျိုးတို့၏ ယဉ်ကျေးမှု သမိုင်းအစဉ်အလာ ကြီးမားခိုင်မာမှုအပေါ် ဂုဏ်ယူနိုင်ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်းဖြင့် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးစွမ်းရည်တို့ကို မြင့်မားစေမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှု၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲမှုစသော အကျိုးရလဒ်ကောင်းများ တစ်ပါတည်း ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။**

ယနေ့ခေတ်တွင် မကြေညာသောစစ်ပွဲများအဖြစ် လူမျိုးတစ်မျိုး၏ အခြေခံစိတ်ဓာတ်ကို ယိမ်းယိုင်သွားစေအောင် ယဉ်ကျေးမှုမျက်နှာစာကနေ ထိုးဖောက်ဝင်ရောက်နေကြသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ယဉ်ကျေးမှု ပွန်းပဲ့တိုက်စားခြင်းအန္တရာယ်ကို တွေ့ကြုံရင်ဆိုင်နေကြရသည်ကို လေ့လာသိရှိနိုင်ကြမည် ဖြစ်ကြောင်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးကွဲအောင် နိုင်ငံခြားသားများက မြန်မာ့သမိုင်းကို အမျိုးမျိုး လုပ်ကြံဖန်တီးပြီး ရေးသားခဲ့ကြသည်ကိုလည်း တွေ့နိုင်ကြောင်း၊ အမှန်တကယ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် လူသားတစ်နွယ်တည်းက ဆင်းသက်လာခဲ့ကြသော တိုင်းရင်းသား လူမျိုးနွယ်စုများဖြစ်ကြသည်နှင့်အညီ အေးအတူပူအမျှ အတူတကွ စုပေါင်းနေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ နယ်မြေဒေသအလိုက် ကွဲပြားခြားနားသည့် ပထဝီအခြေအနေများအရ ဝတ်စားဆင်ယင်မှုနှင့် ဘာသာစကား ပြောဆိုမှုမှာ အနည်းငယ်ကွာခြားသော်လည်း မိမိတို့ တိုင်းရင်းသားအားလုံးသည် ကတိသစ္စာတည်ကြည်ခြင်း၊ ရိုးသားဖြောင့်မတ်ပွင့်လင်းခြင်း၊ ဖော်ရွေခြင်း၊ ရက်ရောခြင်း၊ စိတ်ရင်းစေတနာကောင်းခြင်း စသည့် အင်္ဂါရပ်များနှင့် တူညီစွာ ပြည့်စုံနေကြခြင်းသည်ပင်လျှင် မိမိတို့ လူမျိုး၏ စရိုက်လက္ခဏာများဖြစ်ပြီး မြတ်နိုးဖွယ်ရာ ကိုယ်ပိုင်ယဉ်ကျေးမှုများဖြစ်ကြောင်း။

ထို့ကြောင့် အသီးတစ်ရာ အညှာတစ်ခုပမာ ဖြစ်သည့် မြန်မာတိုင်းရင်းနွယ်ဖွားတို့၏ သမိုင်းကြောင်းအတွက် ရှေးဟောင်းသုတေသနလုပ်ငန်းသည် အလွန်အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အလားတူပင် ရှိပြီးဖြစ်သည့် ရှေးဟောင်းအမွေအနှစ်များကိုလည်း ဂုဏ်ယူလေးစား တန်ဖိုးထားပြီး ထိန်းသိမ်းကြရန် လိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိရောက်အောင်မြင်စွာ ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က ၁၉၉၃ခုနှစ် ဇွန် ၂၅ရက်တွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီကို စတင်ဖွဲ့စည်းပေးခဲ့ကြောင်း။

ယခုအခါ မျက်မှောက်ခေတ် နိုင်ငံတော်၏ တိုးတက်ပြောင်းလဲမှုများနှင့်အညီ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးကဏ္ဍကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၆-၉-၂၀၀၆ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ်(၄၄/၂၀၀၆)ဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ ယနေ့တိုင် အထင်အရှားကျန်ရှိနေသေးသည့် ရှေးဟောင်းအဆောက်အအုံများနှင့် စေတီပုထိုးများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲ ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ခြင်းလုပ်ငန်းများကို ပီပြင်စွာ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ထို့အပြင် တူးဖော်ရရှိသော ရှေးဟောင်း ပစ္စည်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ မပျောက်ပျက်ရအောင် ကာကွယ်စောင့်ရှောက်ခြင်း၊ ဖော်ထုတ်ရန် ကျန်နေသေးသည့် ရှေးဟောင်းနေရာများကို ဆက်လက်တူးဖော်ခြင်း စသော ယဉ်ကျေးမှုဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများသာမက အနုပညာကဏ္ဍတွင်လည်း မြန်မာ့အနုပညာကို ကမ္ဘာက လေးစားတန်ဖိုးထားလာနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ စီမံဆောင်ရွက်မှုများကို ဖော်ဆောင်ရင်းနှင့် မိမိတို့၏ မြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသူ၊ နိုင်ငံသားများက လေးစားမြတ်နိုး တန်ဖိုးထားတတ်သည့်အပြင် ကမ္ဘာ့အလယ်၌ ယဉ်ကျေးမှုအရ ထင်ရှားကျော်ကြားရေးအတွက်လည်း အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် တိုးချဲ့ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသွားသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီ ဖွဲ့စည်းမှု၊ ၁၉၉၈ ခုနှစ် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ရေးဥပဒေအရ ဇုန်နယ်နိမိတ်များ သတ်မှတ်ပြဋ္ဌာန်းမှု၊ လူသားအစ မြန်မာကဟု သက်သေပြနိုင်မည့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေဖော်ထုတ်မှု၊ ကြေးခေတ်ယဉ်ကျေးမှုဆိုင်ရာ တူးဖော်သုတေသန ဆောင်ရွက်မှုများ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ ရှာဖွေစုဆောင်းထိန်းသိမ်းမှု၊ ပုဂံရွှေနန်းတော် ပြန်လည်ဖော်ထုတ်တည်ဆောက်မှု၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်း ဘုရားပုထိုး၊ စေတီ အုတ်ကျောင်းများ ပြုပြင်ထိန်းသိမ်းမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ယဉ်ကျေးမှု အမွေအနှစ်များပျက်စီးမှုကို အရေးပေါ် ထိန်းသိမ်းကာကွယ်မှု၊ ဇုန်ဝင်ကြေးနှင့် ပြတိုက်ဝင်ကြေးများ ကောက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း၊ အနုပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပမှု၊ ယဉ်ကျေးမှုတက္ကသိုလ်များတွင် ရုပ်ရှင်နှင့် ပြဇာတ်ပညာ ဘွဲ့အပ်နှင်းနိုင်ရေးဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်က သမိုင်းသုတေသနဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

၎င်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး ယဉ်ကျေးမှုအမွေအနှစ်များသည် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်သန်ရေးအတွက်သော်လည်းကောင်း၊ သမိုင်းအထောက်အထားအနေဖြင့်သော်လည်းကောင်း၊ ယဉ်ကျေးမှုအနုပညာအနေဖြင့်သော်လည်းကောင်း လွန်စွာကြီးမားသည့် အမျိုးသားအမွေအနှစ်များဖြစ်သည့်အတွက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ်ခြင်းအပြင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကိုလည်း စနစ်တကျ ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် အတွင်းရေးမှူး(၁)နှင့် ဗဟိုကော်မတီဝင်များသည် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး၌ ခင်းကျင်းပြသထားသော ယဉ်ကျေးမှု အမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ဝေခဲ့သော စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၁၅	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၀	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။ မြဝတီအဖွင့်
၁၂း၀၅	၂။ အဖွင့်သီချင်း
၁၂း၁၀	၃။ မျိုးချစ်တပ်မတော်
၁၂း၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၂၅	၅။ ကျန်းမာသုတ
၁၂း၃၀	၆။ **ရုပ်မြင်သံကြားဇာတ်လမ်း "ရင်ထဲကဆောင်းရာသီ" (ပထမပိုင်း) "လွင်မိုး၊ ထွန်းအိန္ဒြာဗို"**
၁း၅၀	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၅	၈။ အပိတ်နှုတ်ဆက်စကား
၂း၀၀	၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၅	၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄း၃၅	၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၃၅	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။ နိုင်ငံတကာသတင်း
၆း၂၀	၈။ မိုးလေဝသသတင်း
၆း၂၅	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀	၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၁၅)**
၈း၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၆။ **FA CUP ဘောလုံးပွဲ -Middlesbrough Vs Manchester United (Live)**
	၁၇။ သင့်အတွက်မနက်ဖြန်
	၁၈။ အပိတ်နှုတ်ဆက်စကား
	၁၉။ ပြီးပါပြီ။

အထက(၁) ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း အထက(၁)ဒဂုံတွင် ၁၉၇၅ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့သော ဆရာကြီး၊ဆရာမကြီးများအား ထိုနှစ်များတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ မတ် ၂၅ ရက် နံနက် ၉နာရီတွင် ကျင်းပပြီး မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ M-3Food Centre တွင် ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြရန်နှင့် အလှူငွေများကို မြတ်စိုးမင်း (Technoland) ဖုန်း ၀၉-၅၁-၂၆၇၇၅၊ သီရိမာ ဖုန်း ၀၉-၅၀-၂၁၂၄၁၊ မို့မို့ခမ်း ဖုန်း ၀၉-၅၀-၀၁၉၁၁၊ ရဲမျိုးသွင် ဖုန်း ၀၉-၅၁-၂၂၁၆၈၊ စိုးသိန်းထွဋ် ဖုန်း ၀၉-၂၁-၄၄၀၃၅၊ မကေခိုင်လင်း ဖုန်း ၀၉-၅၁-၂၇၂၁၅၊ ချိုလေးလွင် ဖုန်း၂၄၀၄၈၃၊ မောင်မောင်မိုးအောင် ဖုန်း ၀၉-၅၁-၃၃၄၄၁၊ ဇော်မင်းဦး ဖုန်း ၀၉-၅၀-၀၂၅၇၁၊ ဝင်းစန္ဒာကြီး ဖုန်း ၃၇၅၅၂၆၊ အောင်သူထွန်း ဖုန်း ၀၉-၅၁-၃၂၈၅၁၊ နီလာရဲမြင့် ဖုန်း ၀၉-၉၉-၂၄၄၃၁၊ သာစိုး ဖုန်း ၀၉-၅၁-၄၀၂၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

✻ မိမိတို့နိုင်ငံမှ

ရှေးဦးစွာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံသည် ၂၀၀၄ခုနှစ် မတ် ၃၀ရက်နေ့တွင် ကုလသမဂ္ဂ၏နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များဖြစ်သည့် လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် လူမှောင်ခိုမှုတိုက်ဖျက်ရေးတို့တွင် အဖွဲ့ဝင်နိုင်ငံ အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ ထို့နောက် ၂၉–၁၀–၂၀၀၄ ရက်နေ့တွင် မဟာမဲခေါင်ဒေသ (၆)နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးနားလည်မှုစာချွန်လွှာကို အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း။

တိုက်ဖျက်နေ

မိမိတို့ နိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များကို ကောင်းစွာလိုက်နာကျင့်သုံးပြီး လူကုန်ကူးမှုပြဿနာကို တိုက်ဖျက်နေကြောင်း ပြောကြားလိုကြောင်း။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေသည် နစ်နာသော လူကုန်ကူးခံရသူများကို အဓိကပြု အကာအကွယ်ပေးရေးဆွဲထားတာဖြစ်ကြောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းတာဝန်ပေးခဲ့သည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယရှေ့နေချုပ်တို့ ဦးဆောင်သော လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှုတွေသည်လည်း ယင်းလူကုန်ကူးခံရသူ အကာအကွယ်ပေးရေး၊ စောင့်ရှောက်ရေးနှင့် လူကုန်ကူးသူကို ဥပဒေအရ အပြစ်ပေးနိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးနောက် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ **၂၀၀၆ ခုနှစ်အတွင်းမှာ တားဆီးနှိမ်နင်းရေး ဆောင်ရွက်နိုင်မှုကို လေ့လာကြည့်လျှင် လူကုန်ကူးမှု ၆၀ ဖော်ထုတ်ခဲ့ပြီး လူကုန်ကူးခံရသူ ၂၀၀ ကယ်တင်နိုင်ခဲ့ကြောင်း၊ လူကုန်ကူးသူ ၂၉၉ ဦးကို ဖမ်းဆီးခဲ့ပြီး ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်နိုင်ခဲ့ပြီး လက်ရှိကျင့်သုံးနေသည့် အမျိုးသားစီမံကိန်း၏ နည်းဗျူဟာလုပ်ငန်းစဉ် (၄)ရပ်ဖြစ်သော ကြိုတင်ကာကွယ်ရေး၊ ဥပဒေအရ အရေးယူရေး၊ လူကုန်ကူးခံရသူများ အကာအကွယ်ပေးရေးလုပ်ငန်းနှင့် လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို ဗဟိုအဖွဲ့၏ အဖွဲ့ဝင်ဌာနဆိုင်ရာများ၊ ပြည်တွင်း NGO များ၊ ထို့အပြင် ယခု တက်ရောက်လာကြသည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ INGO များနှင့် လက်တွဲဆောင်ရွက်ခဲ့သည်ကို တွေ့ကြရပြီးဖြစ်ကြောင်း၊ မိမိတို့အနေနှင့် လူကုန်ကူးမှုပြဿနာကို မျိုးချစ်စိတ်ကိုအခြေခံပြီး မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်တစ်ရပ်အဖြစ် ခံယူတိုက်ဖျက်သွားမှာဖြစ်ကြောင်း အလေးထား ပြောကြားလိုကြောင်း။**

လူကုန်ကူးမှုပြဿနာကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် လိုအပ်သည့် အမျိုးသားအဆင့် (၅)နှစ်စီမံကိန်း ရေးဆွဲလာသည်မှာ ပဋ္ဌမအကြိမ်မူကြမ်းအထိ ပြီးစီးခဲ့ပြီးဖြစ်ကြောင်း။

ယင်းစီမံကိန်းမှာ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးဆိုပြီး ကဏ္ဍကြီး(၅)ရပ်နှင့် စနစ်တကျ ရေးဆွဲထားခြင်းဖြစ်ကြောင်း။

အထူးကျေးဇူးတင်ရှိ

နိဂုံးချုပ်အနေဖြင့် ပြောလိုသည်မှာ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများ ပေါ်ပေါက်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အမျိုးသားအဆင့် စီမံကိန်းရေးဆွဲပြီး နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ဘက်ပေါင်းစုံ ကဏ္ဍပေါင်းစုံမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေးတို့အတွက် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း ပြောကြားသွားသည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်က လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဆောင်ရွက်နိုင်မှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ခင်မောင်စီက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး အမျိုးသားအဆင့် (၅)နှစ်စီမံကိန်း ရေးဆွဲမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတကာအဖွဲ့အစည်းများက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးချက်များအပေါ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူ များက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ ပုလဲအတွဲများ ရောင်းချမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၂၇၇၅ဦး ရောက်ရှိ

ရန်ကုန် မတ် ၉

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမနှင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာတို့၌ ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ ပြည်တွင်းမှ ရတနာကုမ္ပဏီ ၄၀၀တို့မှ နိုင်ငံသားရတနာကုန်သည် ၁၁၇၃ ဦးနှင့် ပြည်ပမှ ရတနာကုမ္ပဏီ ၅၃၆ခုတို့မှ ရတနာကုန်သည် ၁၆၀၂ ဦး စုစုပေါင်း ရတနာကုန်သည် ၂၇၇၅ဦးတို့ ယနေ့ညနေပိုင်းအထိ ရောက်ရှိနေကြပြီဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ပုလဲအတွဲများကို မတ် ၁၀ ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် လည်းကောင်း၊ ကျောက်မျက်အတွဲများကို မတ် ၁၂ ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲပေါင်း ၅၈၅၈တွဲကို ယမန်နေ့မှ မတ် ၁၂ ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ကြည့်ရှုလေ့လာခွင့်ပြုထားပြီး မတ် ၁၃ ရက်မှ မတ် ၂၀ ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည်များသည် မတ် ၁၂ ရက်အထိ ဆက်လက်ရောက်ရှိကြဦးမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးများကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

❀ နိုင်ငံတော်တစ်ဝန်းမှ

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအား ဖိအားပေးရန်အတွက် လူ့အခွင့်အရေးကောင်စီ အပါအဝင် နိုင်ငံတကာမျက်နှာစာအားလုံးကို အသုံးချဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ကြေညာထားခဲ့ပြီးဖြစ်ရာ ယင်းအစီရင်ခံစာသည် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးဦးတည်ချက်နှင့်အညီ မြန်မာနိုင်ငံအပေါ် ပိုမိုဖိအားပေးရန် မဟာဗျူဟာ အကောင်အထည်ဖော်မှု၏ တစ်စိတ်တစ်ဒေသသာဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် "ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့်"ဟူသော အခြေခံလူ့အခွင့်အရေးတိုးမြှင့်ရရှိရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိနေသည်မှာ ငြင်းကွယ်မရသော လက်တွေ့ဖြစ်ရပ်ပင်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် တိုင်းရင်းသားလူမျိုးအများစုနေထိုင်ရာ နယ်စွန်နယ်ဖျားဒေသများ အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မနားမနေ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလူမျိုးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေး၊ လူမှုရေးအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်သည်။

နိုင်ငံတော်တစ်ဝန်း အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုပြီး အမေရိကန်ပြည်ထောင်စုက ထုတ်ပြန်သည့် အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်များနှင့် လွဲမှားစွာဖော်ပြထားသော အဓိပ္ပာယ်ကင်းမဲ့သည့် အစီရင်ခံစာသာဖြစ်ကြောင်း တွေ့ရှိရသည်။ ဤကဲ့သို့ လူ့အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးကြိုးပမ်းဆောင်ရွက်မှုကို အကြောင်းပြပြီး နိုင်ငံအချို့ကိုသာ ရွေးချယ်ဝေဖန်မှုနှင့် စံနှုန်းနှစ်မျိုး ကျင့်သုံးမှုတို့ကိုလည်းကောင်း၊ နိုင်ငံရေး ထိုးနှက်ဖိအားပေးရန်ဟူသည့် ရည်မှန်းချက်အတွက် လူ့အခွင့်အရေးကိစ္စကို အကြောင်းပြကာ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို မဟုတ်မမှန် စွပ်စွဲဖော်ပြခြင်းကိုလည်းကောင်း မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချသည်။

သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေးဝန်ကြီး ဌာနက ထုတ်ပြန်ခဲ့သည့် ၂၀၀၆ ခုနှစ်အတွက် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေအပေါ် တစ်ဖက်စောင်းနင်း အကဲဖြတ်ချက်များကို လုံးဝလက်မခံဘဲ ပယ်ချလိုက်သည်။

(နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်)

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ပြသရောင်းချလျက်ရှိသော ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ ပုလဲအတွဲများ ရောင်းချမှုနှင့် ကျောက်မျက်အတွဲများ ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် ဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ခင်းကျင်းပြသ ရောင်းချလျက်ရှိသော ပုလဲအတွဲပေါင်း ၃၁၀ ကို ကြည့်ရှုစစ်ဆေးပြီး ပုလဲအတွဲများကို ကြည့်ရှုလေ့လာ၍ ဝယ်ယူနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ အပေါ်ဆုံးထပ်၌ ကျောက်မျက်အတွဲပေါင်း ၃၈၀အား ခင်းကျင်းပြသ ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက ကျောက်မျက်အတွဲများကို ကြည့်ရှုလေ့လာနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ဓမ္မပိယရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၉

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလလမ်း ဓမ္မပိယရိပ်သာတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော သင်္ကြန်တရားစခန်းပွဲကို ဓမ္မပိယဆရာတော်ဦးစီး၍ ၁၃၆၈ ခု တန်ခူးလပြည့်ကျော် ၁၁ရက်မှ ၁၃၆၉ခု ကဆုန်လဆန်း ၇ ရက်အထိ၊ ဧပြီ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် အရှင်ပုညာစာရ၊ အရှင်ပဏ္ဍိတ၊ အရှင်ယသဓမ္မ၊ အရှင်သုမင်္ဂလတို့က ဝိပဿနာအလုပ်ပေးတရားများ ဟောကြားကြမည်ဖြစ်သည်။ တရားဝင်လိုသောယောဂီများ ကြိုတင်စာရင်းပေးသွင်း၍ ဧပြီ ၁၂ရက် ညနေတွင် စခန်းဝင်ကြရမည်ဖြစ်သည်။ အရုဏ်ဆွမ်း၊ နေ့စွမ်း၊ ညနေ အအေးလှူဒါန်းလိုသော စေတနာရှင်များသည် ဓမ္မပိယရိပ်သာ ဖုန်း–၅၇၈၅၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရန် ကြိုးပမ်းမှုတွင် အရေးနိမ့်သွားခဲ့ပြီးနောက် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအား ဖိအားပေးရန်အတွက် လူ့အခွင့်အရေးကောင်စီအပါအဝင် နိုင်ငံတကာမျက်နှာစာအားလုံးကို အသုံးချဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ကြေညာထားခဲ့ပြီးဖြစ်ရာ ယင်းအစီရင်ခံစာသည်အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးဦးတည်ချက်နှင့်အညီ မြန်မာနိုင်ငံအပေါ် ပိုမိုဖိအားပေးရန် မဟာဗျူဟာ အကောင်အထည်ဖော်မှု၏ တစ်စိတ်တစ်ဒေသသာဖြစ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ရန်ကုန်တိုင်းအတွင်း ငှက်မြေကျသေဆုံးမှုများအပေါ် စစ်ဆေးချက်သတင်း

ရန်ကုန် မတ် ၉

၁။ **ငှက်မြေကျသေဆုံးမှုများ။** ၂၇-၂-၂၀၀၇ မှ ၉-၃-၂၀၀၇ နေ့အထိ ရန်ကုန်တိုင်းမြို့နယ်များတွင် ကျီး၊ ခို၊ စာကလေး၊ ငုံး၊ ဇီးကွက် စုစုပေါင်း ၂၃၄ ကောင် မြေကျသေဆုံးခဲ့ကြောင်း။

၂။ **စစ်ဆေးတွေ့ရှိချက်။** အသေကောင် ခွဲစိတ်စစ်ဆေးချက်များနှင့် ဓာတ်ခွဲခန်းစစ်ဆေးချက်များအရ အောက်ပါအတိုင်းဖော်ထုတ်ရရှိကြောင်း-

(က) **ကြက်ငှက်တုပ်ကွေးရောဂါ။** ကြက်ငှက်တုပ်ကွေးရောဂါ မတွေ့ရှိရပါ။

(ခ) **အပူရှပ်သေဆုံးမှု (Heat Stroke)။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၂၁)ရာခိုင်နှုန်းတွေ့ရှိကြောင်း။

(ဂ) **နာတာရှည်အသက်ရှူလမ်းကြောင်းရောဂါ (CRD)။** စုစုပေါင်းသေဆုံးကောင်ရေ၏(၁၇)ရာခိုင်နှုန်း တွေ့ရှိကြောင်း။

(ဃ) **အူရောင်ရောဂါ (Enteritis)။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၁၂)ရာခိုင်နှုန်းရှိကြောင်း။

(င) **ကျောက်ပေါက်ရောဂါ (Pigeon Pox)။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၁၀)ရာခိုင်နှုန်းတွေ့ရှိရကြောင်း။

(စ) **အဆိပ်လက္ခဏာ။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၂၀)ရာခိုင်နှုန်းသည် သင်္ကာန်လက္ခဏာအရ အဆိပ်မိသေဆုံးသည်ဟု ယူဆရကြောင်း။

(ဆ) **ထိခိုက်ဒဏ်ရာကြောင့် သေဆုံးကောင်ရေ။** စုစုပေါင်းကောင်ရေ၏ (၈)ရာခိုင်နှုန်း တွေ့ရှိရကြောင်း။

(ဇ) **ပုပ်ပွ၍ မစစ်ဆေးနိုင်သော သေဆုံးကောင်ရေ။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၁၂)ရာခိုင်နှုန်း တွေ့ရှိရကြောင်း။

၃။ **ဖြစ်စဉ်အပေါ်သုံးသပ်ချက်**

(က) သဘာဝအရ ဆောင်းအကုန် နွေအကူး အပူအအေး နေ့ည အပြောင်းအလဲကွာဟမှုမြင့်မားပြီး ငှက်သတ္တဝါများသေဆုံးလေ့ရှိသော ရာသီဖြစ်ကြောင်း။

(ခ) ကျီးသတ္တဝါများအနေဖြင့် အဆိပ်အတောက်ပါရှိသော အသေကောင်များ စားကြွင်း၊ စားကျန်၊ အသားကြွင်း၊ အသားကျန်များကို အဓိက မှီခိုစားသုံးရာမှ ထိခိုက်သေဆုံးသည်ဟု သုံးသပ်ရရှိကြောင်း။

(ဂ) အာရှနိုင်ငံ ကျီးငှက်ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကျီးကန်းတွင် ကြက်ငှက်တုပ်ကွေး ကူးစက်ခံရပါက ၎င်းကျီးကန်းသာ လျင်မြန်စွာ သေဆုံးပြီး ရောဂါဖြန့်ဖြူးနိုင်မှု အခွင့်အလမ်းနည်းပါးကြောင်း (Victim not Vector)၊ လက်ရှိဓာတ်ခွဲခန်းဆိုင်ရာစစ်ဆေးမှုများအရ ကျီးကန်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ မတွေ့ရှိရကြောင်း။

(ဃ) ကျီးကန်းများ မြေကျသေဆုံးမှုနှင့်ပတ်သက်၍ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုမဟုတ်ဘဲ ရာသီဥတု အပြောင်းအလဲနှင့် အဆိပ်အတောက်ပါရှိသော အသေကောင်များစားသုံးမှုကြောင့် သေဆုံးမှုများဖြစ်သည်ဟု ခြုံငုံသုံးသပ်ရကြောင်း။

၄။ **တိရစ္ဆာန်ကျန်းမာရေးသတိပေးနှိုးဆော်ချက်**

(က) ကျီးကန်းနှင့် အခြားကျေးငှက်သတ္တဝါများ မြေကျသေဆုံးမှုရှိပါက အိမ်မွေး ခွေး၊ ကြောင်များ မစားမိစေရေး သတိပြုရန်။

(ခ) ကျီးကန်းနှင့် အခြားကျေးငှက်သတ္တဝါများ မြေကျသေဆုံးမှု တွေ့ရှိလျှင် ပိုးသတ်ဆေးပက်ဖျန်းခြင်း (သို့မဟုတ်) ထုံးဖြူးခြင်း(သို့မဟုတ်)ပွက်ပွက်ဆူရေနွေးလောင်းခြင်းများ ပြုလုပ်ပြီး ကျင်းတူးမြေမြှုပ်ရန်။

(ဂ) မြို့တွင်း၊ ရွာတွင်း တိရစ္ဆာန်များကို အဆိပ်ဖြင့် သုတ်သင်ရှင်းလင်းခြင်းများ ပြုလုပ်ပါက အသေကောင်များကို စနစ်တကျ မြေမြှုပ်ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

မီးသုံးစွဲလျှင် အသိယှဉ်
ဆင်ခြင်သတိ အမြဲရှိ

ကြက်ငှက်တုပ်ကွေး အပြည်ပြည်ဆိုင်ရာ အထောက်အပံ့ ဖိတ်ခေါ်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါ အထောက်အပံ့ပေးရေး ဖိတ်ခေါ်အစည်းအဝေး (Donor Meeting) ကို ယနေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးကို UNDP မှ ကိုယ်စားလှယ် Mr. Charles Petrik၊ FAO ဌာနေကိုယ်စားလှယ် Mr. Tang Zhengping၊ WHO ဌာနေကိုယ်စားလှယ် Ms. Prof; Adik Wibowo၊ World Bank Senior Operation Officer Mr. Steven Schonberger၊ USAID ဒေသတွင်းပေါင်းစပ်ညှိနှိုင်းရေးမှူး Dr. John Mac Arthur၊ အမေရိကန်သံရုံး၊ ပြင်သစ်သံရုံး၊ ဩစတြေးလျသံရုံး၊ ကိုရီးယားသံရုံး၊ ဗြိတိန်သံရုံး၊ ဂျပန်သံရုံး၊ စင်ကာပူသံရုံး၊ အီတလီသံရုံး၊ ထိုင်းသံရုံး၊ ဂျာမနီသံရုံး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ချုပ် (IFRC) USAID Aus AID တို့မှ ကိုယ်စားလှယ်များနှင့် FAO အပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံများ တက်ရောက်ကြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် UNDP ဌာနေကိုယ်စားလှယ်၊ FAO ဌာနေကိုယ်စားလှယ်၊ WHO ဌာနေကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြခြင်း၊ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်၊ USAID ဒေသညှိနှိုင်းရေးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုအခြေအနေနှင့် အပြည်ပြည်ဆိုင်ရာ အထောက်အပံ့ပြုခဲ့ကြသည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

အရှေ့တောင်အာရှဒေသ ကြက်ငှက်တုပ်ကွေးရောဂါ ပူးပေါင်းညှိနှိုင်းရေးမှူး Dr. Wantanee Kalpravidth က မြန်မာနိုင်ငံ၏ ယခု ဖြစ်ပေါ်နေသော ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ဆောင်ရွက်နေမှုအခြေအနေ၊ လိုအပ်ချက်ကွက်လပ်နှင့် စိန်ခေါ်မှုများ၊ FAO နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုအမျိုးသားရေးမဟာဗျူဟာစီမံချက်၊ ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှု အင်အားဖြည့်တင်းရေးအစီအစဉ်အရ ရန်ပုံငွေလိုအပ်ချက် စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြသည်။ အစည်းအဝေးတွင် WHO, FAO, USAID, World Bank ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကျရောက်မှုကို ဆောလျင်စွာ စစ်ဆေးဖော်ထုတ်ခြင်း၊ ဆောလျင်စွာ အစီရင်ခံခြင်း၊ ဆောလျင်စွာ တုံ့ပြန်ခြင်းကို ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူသူများအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ အသိမြင့်မားသဖြင့် သက်ဆိုင်ရာသို့ ကြက်သေဆုံးမှုသတင်း ဆောလျင်စွာပေးပို့နိုင်ခဲ့ကြောင်း၊ ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းအနေဖြင့် ခေတ်မီစစ်ဆေးနည်းများဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ အတိအကျ ဖော်ထုတ်နိုင်ကြောင်း၊ ရောဂါထိန်းချုပ်ရေးအစီအမံရေးဆွဲ၍ ကြိုတင်ပြင်ဆင်ထားရှိသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာအာဏာပိုင်တို့က ရောဂါထိန်းချုပ်မှုကို အလျင်အမြန်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှုကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစွမ်းအားပမာဏတိုးမြှင့်ရန် အပြည်ပြည်ဆိုင်ရာ၏ အထောက်အပံ့ ပိုမိုလိုအပ်မှာဖြစ်ကြောင်း တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးကာကွယ်တားဆီးရေးလုပ်ငန်းရပ်များ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ကွင်းဆင်းလေ့လာ

ရန်ကုန် မတ် ၉

USAID မှ ဒေသညှိနှိုင်းရေးမှူး Dr. John Mac Arthur အမေရိကန်သံရုံးမှ စီးပွားရေးဌာန ပထမအတွင်းဝန် Ms. Manlowe Teresal၊ ကမ္ဘာ့ဘဏ်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲရေးဌာနစိတ်၊ စီမံခန့်ခွဲရေး အရာရှိ Mr. Steven Schonberger နှင့် လူအင်အား ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကျွမ်းကျင်သူ Mr. Kwanpadh Suddhi Dhamakit တို့နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာများအဖွဲ့သည် မရမ်းကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးအရာရှိ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကိုယ်စားလှယ်များနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ်အတွင်း ကြက်ငှက် တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်မွေးမြူရေးခြံသို့ ကွင်းဆင်း၍ ကြက်ငှက်တုပ်ကွေး ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းရပ်များ လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ မရမ်းကုန်းမြို့နယ်အတွင်းရှိ ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်မွေးမြူရေးခြံတွင် ကွင်းဆင်းကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

နတ်မောက်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မီးလောင်

ရန်ကုန် မတ် ၉

မကွေးတိုင်း နတ်မောက်မြို့နယ် အလယ်ရွာ၌ မတ် ၈ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းရာ အိမ်၄၂လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၄၁ စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသဖြင့် ယင်းရွာ ဘုန်းတော်ကြီးကျောင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးကာ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက် ရှိကြောင်းသိရှိရသည်။

ကူညီပံ့ပိုး

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်နှင့် အောင်နန်းရပ်ကွက်တို့၌ မတ် ၈ ရက်တွင် မီးလောင်မှုများ ဖြစ်ပွားခဲ့သဖြင့် တပ်ကုန်းရပ်ကွက်တွင် နေအိမ်တစ်လုံးဆုံးရှုံးခဲ့ပြီး လူခြောက်ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ အောင်နန်းရပ်ကွက်တွင် နေအိမ်နှစ်လုံးဆုံးရှုံးခဲ့ပြီး လူ ၁၇ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ မီးဘေးဒုက္ခသည်များအား တာဝန်ရှိသူများကလိုအပ်သည်များ ထောက်ပံ့ကာ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ်၌ ရွှေဆွဲကြိုးဖြတ်ပြေးသူ ဖမ်းဆီးမိ

ရန်ကုန် မတ် ၉

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၌ မတ်၄ရက် ည ၈ နာရီခန့်တွင် ရွှေဆွဲကြိုးဖြတ်ပြေးသူ တရားခံ တစ်ဦးအား တာဝန်သိ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပြီး ပန်းဘဲတန်းမြို့နယ် ရဲစခန်းသို့ အပ်နှံခဲ့ကြောင်း သိရှိရသည်။

အမှုဖြစ်ပွားပုံမှာ ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ကိုကျော့ကောင်း(ခ) ခင်မောင်ငွေသည် မတ် ၄ ရက် ည ၈ နာရီခန့်တွင် ပန်းဘဲတန်းမြို့နယ် (၅)ရပ်ကွက်၊ ဘုရားလမ်းဘူတာ၌ မြို့ပတ်ရထားစောင့်ဆိုင်းနေစဉ် မျက်နှာချင်းဆိုင်မှ လူတစ်ဦး ရောက်ရှိလာပြီး ဘယ်သွားမလဲဟုမေးကာ ကိုကျော့ကောင်း၏ လည်ပင်းတွင် ဆွဲထားသော ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးကို ဆွဲဖြတ်၍ ဘုရားလမ်းဘက်သို့ ထွက်ပြေးသွားကြောင်း၊ ကိုခင်မောင်ငွေက ပတ်ဝန်းကျင်သို့ အော်ဟစ် အကူအညီတောင်းရာ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်ထွေး၊ အဖွဲ့ဝင် ဦးကျော်ဝင်း၊ အရန်မီးသတ် တပ်ကြပ်ကြီး ရန်အောင်တို့က လိုက်လံ ဖမ်းဆီးခဲ့ရာ တရားခံ စောမူဂေး (ကျပန်း)၊ ကြို့ကုန်း အရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူအား ဖမ်းဆီးရမိသဖြင့် ပန်းဘဲတန်းမြို့နယ် ရဲစခန်းသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တရားခံအား ထိရောက်သောပြစ်ဒဏ်ပေးနိုင်ရေး ပန်းဘဲတန်းမြို့နယ် ရဲစခန်းက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေစာရံ ကေအမ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ဂေါက်သီးရိုက်ဖွင့်လှစ်

မန္တလေး မတ် ၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ခုနှစ် Shwe Sar Yan KM Golf Open Championship ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ကျင်းပရာ ပထမနေ့အပြီး၌ Professional Golfer မင်းနိုင်နှင့် Amature Golfer ဘိုဘိုနှင့် အောင်ဝင်း(မုံရွာ)တို့က ဦးဆောင်ကစားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီး အားကစားသမားများသည် တီခုံအမှတ်(၁)တွင် နေရာယူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ MGF မှ ဦးရေးထက်ဒိုးနှင့် ကောင်းမြတ် ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်မြင့်တို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြသည်။

Shwe Sar Yan KM Golf Open Championship 2007 ဖွင့်ပွဲအခမ်းအနား၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (၄၆၉)

ဦးဆောင်ကစား

ထို့နောက် ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပရာ Professional Golfer ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၆ဦး၊ AmotureGolfer ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၇၉ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfer ပြိုင်ပွဲ၌ မင်းနိုင်က သတ်မှတ်ရိုက်ချက် လေးချက် လျော့ရိုက်ပြီး ၆၈ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ သိန်းဇော်မြင့်(KM)နှင့် အေးလွင်တို့က သတ်မှတ်ရိုက်ချက်နှစ်ချက် လျော့ရိုက်ပြီး ၇၀ချက်စီဖြင့် ဒုတိယလိုက်နေကြသည်။

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Amature Golfer ပြိုင်ပွဲ၌ ဘိုဘိုနှင့် အောင်ဝင်း(မုံရွာ)တို့က သတ်မှတ်ရိုက်ချက် တစ်ချက်လျော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ဘိုဘိုသုန်(KM) က ၇၃ချက်ဖြင့် တတိယ လိုက်နေသည်။

ဒုတိယနေ့ပြိုင်ပွဲ

ဒုတိယနေ့ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ ရွှေစာရံ ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ Professional Golfer ပြိုင်ပွဲ၌ မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် သုံးချက် လျော့ရိုက်ပြီး ၆၈+၆၉=၁၃၇ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ စိုးကျော်နိုင်နှင့် သိန်းဇော်မြင့်(KM) က ၁၃၉ ချက် ပူးတွဲဒုတိယလိုက်နေကြသည်။

Amature Golfer ပြိုင်ပွဲ၌ အောင်ဝင်း(မုံရွာ)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့၍ ၇၁+၇၁=၁၄၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ဘိုဘိုက ၁၄၅ ချက်ဖြင့် ဒုတိယ လိုက်ပြီး စိုးမိုးဝင်းက ၁၄၈ချက်ဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲတွင် KM Golf Centre က အဓိကပံ့ပိုးပြီး Air Bagan၊ Niko, Sun Far Travels & tours၊ Damco၊ Hertiage, Sports &Golf, Bay of Bengal၊ Aung Kyun Thar၊ Shwe Tha Pyay Imperial Jade၊ Maruman Tourstage Bridgestone Golf တို့က အသီးသီး ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်ရေး အတွက် KM Golf Center နှင့် Mandalay Golf Association တို့က တာဝန်ယူ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ (၄၆၉)

အင်တာနက် ကျန်းမာရေးသတင်း

ဆေးလိပ်သောက်သုံးခြင်းသည် တီဘီဖြစ်ပွားရန်အလားအလာများ

နယူးယောက် မတ် ၉

ဆေးပညာဆိုင်ရာ စာပေနှင့် လက်တွေ့လေ့လာမှုများအရ သိရှိရသည်မှာ ဆေးလိပ်သောက်သုံးခြင်းသည် တီဘီရောဂါဖြစ်ပွားရန်အတွက် အလားအလာကိုများစေသည့် အမှုအကျင့်ဖြစ်သည်ဟု ဆိုသည်။

ထိုလေ့လာမှုကို ကာလီဖိုးနီးယားတက္ကသိုလ်မှ ဒေါက်တာကက်စ် အာစမစ်နှင့်အဖွဲ့က လေ့လာစူးစမ်းမှုများပြုလုပ်ရာမှ ကောက်ချက်ချနိုင်ခြင်း ဖြစ်သည်။

ဆေးလိပ်သောက်သုံးသူများနှင့် မသောက်သုံးသူများကို နှိုင်းယှဉ်လေ့လာလျှင် ဆေးလိပ်သောက်သုံးသူများသည် တီဘီအဆုတ်နာရောဂါ ဖြစ်ပွားရန် အလားအလာ ပိုမိုများပြားသည်ကို တွေ့ရသည်။

ဆေးရွက်ကြီးသောက်သုံးခြင်း၊ စီးကရက်သောက်ခြင်း စသည့် အမှုအကျင့်များကို ထိန်းချုပ်နိုင်မည်ဆိုပါက လူ့အသက်ကို အန္တရာယ်ပြုသည့် ရောဂါအများအပြား၏ ဘေးမှကင်းဝေးနိုင်မည်ဟု ဒေါက်တာစမစ်က ပြောကြားသည်။ ထိုရောဂါများတွင် နှလုံးရောဂါ၊ အဆုတ်ကင်ဆာရောဂါ စသည့် ရောဂါများလည်း ပါဝင်သည်။

တီဘီရောဂါကို တိုက်ဖျက်ရာ၌ ယခုအခါ ဆေးလိပ်သောက်သုံးခြင်း အလေ့အကျင့်ကိုပါတွဲ၍ တားဆီးပိတ်ပင်သောစနစ်ကို အချို့သောနိုင်ငံများ၌ ကျင့်သုံးနေကြပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖော်ပြပါနည်းလမ်းကဲ့သို့ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ထူးခြားသည့် နည်းလမ်းများကိုပါတွဲ၍ ကျင့်သုံးသင့်သည်။ ခုခံအားကျ ရောဂါ အိပ်ချ်အိုင်ဗွီနှင့်လည်း တီဘီရောဂါသည် ဆက်စပ်မှုရှိနေသည်။ အိပ်ချ်အိုင်ဗွီရောဂါရှိသူသည် တီဘီရောဂါရရန် အလားအလာများစွာရှိသည်။ ထို့အပြင် အချို့တီဘီရောဂါသည် ဆေးမတိုးဘဲ ဆေးကို ခုခံနိုင်စွမ်း ရှိနေသည်ကိုလည်း တွေ့ရသည်ဟု စမစ်က ဆက်လက်ပြောသည်။

အင်တာနက်

အင်တာနက် အားကစားသတင်းများ

တရုတ် အိုလံပစ်အားကစားပွဲတော်အတွက် လက်မှတ်များ ရောင်းချပေးတော့မည်

ပေကျင်း မတ် ၉

တရုတ်နိုင်ငံတွင် ၂၀၀၈ ခုနှစ်တွင် ကျင်းပမည့် နွေရာသီ အိုလံပစ်အားကစားပွဲတော်အတွက် လာမည့်လမှစ၍ လက်မှတ်များ စတင်ရောင်းချမည်ဖြစ်ကြောင်း၊ လူကြိုက်အများဆုံးအားကစားပြိုင်ပွဲအချို့အတွက် လက်မှတ်ရောင်းချရာတွင် မဲစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း အားကစားပွဲတော်ကျင်းပရေးမှူးများက ယနေ့ပြောကြားသည်။

၂၀၀၈ခုနှစ် နွေရာသီ အိုလံပစ်အားကစားပွဲတော် ကျင်းပရေးကော်မတီသည် အင်တာနက်မှတစ်ဆင့် လက်မှတ်ရောင်းချမှုကို မတ် ၈ရက်မှစတင်နေပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံပြည်တွင်းမှာရော ပြည်ပမှာပါ လက်မှတ်များ ဝယ်ယူနိုင်ရန် အင်တာနက်ဝက်ဘ်ဆိုက် (www. tickets. beijing 2008.cn) နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကျင်းပရေးမှူးများက ပြောကြားသည်။

အိုလံပစ်အားကစားပွဲတွင်ကျင်းပမည့် အားကစားပြိုင်ပွဲအမျိုးအစားအလိုက် လက်မှတ်တန်ဖိုးအသေးစိတ်ကို အဆိုပါဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ကြောင်း ကျင်းပရေးမှူးများက ပြောကြားသည်။ ***အင်တာနက်***

ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်လ်ဒင်ဟို ကြွက်သားနာကျင်မှုဝေဒနာ ခံစားနေရ

ဘာစီလိုနာအသင်း၏ တိုက်စစ်မှူး ရော်နယ်လ်ဒင်ဟို။ (ဓာတ်ပုံ-အင်တာနက်)

မဒရစ် မတ် ၉

ဘာစီလိုနာအသင်း၏ တိုက်စစ်မှူး ရော်နယ်ဒင်ဟိုသည် အင်္ဂါနေ့က ကျင်းပခဲ့သည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ကြွက်သားနာကျင်မှုဝေဒနာ ရရှိခဲ့ပြီးနောက် မတ် ၁၀ရက်တွင် ရီးယဲလ်မဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် လာလီဂါဘောလုံးပြိုင်ပွဲ၌ ပါဝင်နိုင်ဖွယ်မရှိကြောင်း ယနေ့ အင်တာနက်သတင်း၌ ဖော်ပြသည်။

ရော်နယ်လ်ဒင်ဟိုအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဘာစီလိုနာအသင်း၏ဆေးဝန်ထမ်းအဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ရော်နယ်လ်ဒင်ဟိုသည် ဘာစီလိုနာအသင်း၏ ဂိုးသွင်းအကောင်းဆုံး ဘောလုံးသမားတစ်ဦးဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင် ၁၇ ဂိုး သွင်းပေးနိုင်ခဲ့သည်။

အင်တာနက်

ဝင်ဘလေ အားကစားပြိုင်ပွဲရုံသစ် လူငယ်ဘောလုံးပြိုင်ပွဲဖြင့် ဖွင့်လှစ်မည်

ဗြိတိန်နိုင်ငံ လန်ဒန်မြောက်ပိုင်းရှိ ဝင်ဘလေ အားကစားကွင်းသစ်ကို မတ် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံအင်တာနက်)

အမ်စတာဒမ် မတ် ၉

လန်ဒန်မြို့ရှိ ဝင်ဘလေ အားကစားပြိုင်ပွဲရုံသစ်တွင် ပထမဆုံးကျင်းပမည့် ဘောလုံးပြိုင်ပွဲမှာ အင်္ဂလန်နှင့် အီတလီတို့၏ အသက်(၂၁)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဖြစ်လိမ့်မည်ဖြစ်ကြောင်း နယ်သာလန်ဘောလုံးအဖွဲ့ချုပ်က ယနေ့ပြောကြားသည်။ နယ်သာလန် ဘောလုံးအဖွဲ့ ချုပ်သည် အဆိုပါ ဘောလုံးပြိုင်ပွဲအတွက် ဒိုင်လူကြီး စေလွှတ်ပေးမည်ဖြစ်သည်။

ဒတ်ချ်လူမျိုး ဒိုင်လူကြီး ပီတာစွင့်သည် အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)၏ ဖိတ်ကြားချက်အရ အသက်(၂၁)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ဒိုင်တာဝန်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း နယ်သာလန် ဘောလုံးအဖွဲ့ချုပ်၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဝင်ဘလေ အားကစားပြိုင်ပွဲရုံသစ် အတွက် ပေါင်ငွေသန်း ၇၅၀ ကျခံသုံးစွဲခဲ့ရသည်။ အဆိုပါ အားကစားပြိုင်ပွဲရုံတွင် မေ ၁၉ရက်၌ အက်ဖ်အေဖလား ဗိုလ်လုပွဲကျင်းပရန် စီစဉ်ထားသည်။ ***အင်တာနက်***

ဘောလုံးပြိုင်ပွဲတွင် လက်သီးစွမ်းပြခဲ့သူ ဒေးဗစ်နာဗာရို နောင်တရ

မဒရစ် မတ် ၉

မိမိသည် အင်တာမီလန်အသင်း ကွင်းလယ်ကစားသမား နီကိုလပ်စ်ဒစ္စကိုအား လက်သီးဖြင့် ထိုးကြိတ်မိသည့် အပြုအမူအတွက် နောင်တရမိကြောင်း ဗလင်စီယာအသင်းမှ ဒေးဗစ်နာဗာရိုက ယနေ့ပြောကြားလိုက်သည်။

နာဗာရိုသည် အင်တာမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲအပြီးတွင် ဘာဒစ္စကို၏မျက်နှာကို လက်သီးဖြင့် ထိုးကြိတ်ခဲ့သည်။ မိမိသည် ဤကဲ့သို့သောအပြုအမူမျိုးကို ယခင်က ပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ မိမိ၏မိသားစုကလည်း မိမိ၏အပြုအမူအတွက် စိတ်ပျက်မိကြောင်း နောက်ခံလူ နာဗာရိုက မာကာအားကစားနေ့စဉ်သတင်းစာသို့ ပြောကြားသည်။

ဗလင်စီယာအသင်းမှ ကာလိုစ်မာချီနာနှင့် အင်တာမီလန်ကွင်းလယ်ကစားသမား ဘာဒစ္စကိုတို့ အချင်းများခဲ့ပြီးနောက် နာဗာရိုက ၎င်း၏အသင်းဖော်ဘက်မှ ရပ်တည်ကာ ဘာဒစ္စကိုအား လက်သီးဖြင့် ထိုးကြိတ်ခဲ့သည်။ အင်တာမီလန်ဘောလုံးသမားအချို့က နာဗာရိုထံပြေးလာချိန်တွင် ၎င်းမှာ ကွင်းပြင်ပသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အင်တာနက်

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ရတနာသိဃ်ပရိယတ္တိစာသင်တိုက်ကျောင်းဆောင်သစ်နှင့် တိုးချဲ့မြေအတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို လှိုင်မြို့နယ် လှိုင်မြင်းမိုရ်အိမ်ရာနေ ဦးနေဝင်း-ဒေါ်သီတာဝင်း မိသားစုက ပဓာနနာယကဆရာတော် ဘဒ္ဒန္တ နေမိန္ဒာဘိသိရီ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ရှေ့မှောက်တွင် လှူဒါန်းစဉ်။ (က-ပ)

စမ်းချောင်းမြို့နယ် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော နှစ်ထပ်သာသနာ့ဗိမာန်ကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်မိဘများဖြစ်ကြသော ဦးစိုးမြင့်-ဒေါ်မြငွေး၊ ဦးသိန်းတန်-ဒေါ်အေးအေးထွေးတို့အား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် ၄ လမ်းနေ ဒေါက်တာဟန်ထွန်း-ဒေါ်ဝေမာလွင်၊ သား မင်းထက်ပိုင်ထွန်း မိသားစု လှူဒါန်းငွေကျပ် ၂၅သိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဥတ္တမစာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မွန်ပြည်နယ် ဆန်လှူအသင်း ဆွမ်းဆန်တော်လောင်းလှူမည်

ရန်ကုန် မတ် ၉

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မွန်ပြည်နယ် ဆန်လှူအသင်းက ဆောင်ရွက်သော နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၂၅)ကြိမ်မြောက် ပရိယတ္တိစာသင်ကျောင်းများရှိ ဂိုဏ်းပေါင်းစုံသံဃာတော်များနှင့် သီလရှင်များအား ပူဇော်ပွဲနှင့် မော်လမြိုင်မြို့နယ် လေးလပတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို ဧပြီ ၂၂ရက်မှ ၂၈ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရှိ ဖန်ယဉ်မွှာရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွမ်းဆန်တော်လောင်းလှူပွဲတွင် မွန်ပြည်နယ် ၁၀မြို့နယ်မှ ဂိုဏ်းပေါင်းစုံ ဩဝါဒါစရိယဆရာတော်ကြီးများ၊ နာယကဆရာတော်များ၊ မွန်ပြည်နယ် ၁၀မြို့နယ် စာသင်တိုက်များ၊ မော်လမြိုင်မြို့နယ်ရှိ သံဃာတော်များနှင့် သီလရှင်များ စုစုပေါင်း ၇၄၂၅ပါးတို့အား ဆွမ်းဆန်တော်များ လောင်းလှူကြမည်ဖြစ်သည်။

ပါဝင်လှူဒါန်းမည့်သူများသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး မွန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း ဖုန်း ၀၅၇-၂၄၃၇၀ နှင့် မွန်ပြည်နယ် ဆန်လှူအသင်း ဥက္ကဋ္ဌ ဦးဝင်းရွှေ ဖုန်း ၀၅၇-၂၁၈၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၀၇)

ပဲခူးတိုင်း ကဝမြို့နယ် ရစ်ကန်ကြီးရွာ ရွာလယ်ချောင်းကူး ဈေးတံတားအသစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဦးဆောင်နာယက ဆရာတော် အရှင်မာဃိန္ဒ(ရစ်ကန်ကြီး) စင်ကာပူကျောင်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ထံသို့ အလှူရှင် ဦးတေတူး-ဒေါ်တင်အေး (ရစ်ကန်ကြီးအလယ်ရွာမိသားစု) (၄)လမ်း ယမုံနာ(၂)ရပ်ကွက် ဒေါပုံမြို့နယ် ရန်ကုန်မြို့က အလှူတော်ငွေကျပ် ၅၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုလ်တထောင်စေတီတော် ဈေးပြိုင်လေလံ ၁/၂၀၀၇

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့မှ အောက်ပါလုပ်ငန်းများကို ဈေးပြိုင်လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါ၍ ဈေးပြိုင်လေလံဆွဲဝယ်ယူလိုသူများသည် ၂၇-၃-၂၀၀၇ (အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်တွင် ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်လေလံဆွဲ ဝယ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

(၁) ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခြင်း။
(၂) ဗိုလ်တထောင်ကမ်းနားအနီး စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း။
(၃) စေတီပရိဝုဏ်အတွင်း ဓာတ်ပုံရိုက်ခွင့်လုပ်ငန်း။
(၄) လိပ်စာ၊ ငါးစာ အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း။
(၅) ငှက်များ ဘေးမဲ့လွှတ်ခြင်းလုပ်ငန်း။
(၆) အခကြေးငွေယူစနစ်ဖြင့် ရေချိုးခန်း၊ သန့်စင်အိမ်သာလုပ်ငန်း။
(၇) ယာဉ်ရပ်နားခ ကောက်ခံခွင့်လုပ်ငန်း။
(၈) ဖယောင်းခွာယူခွင့်လုပ်ငန်း။
(၉) အုန်းသီးရူးယူခွင့်လုပ်ငန်း။

အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဗိုလ်တထောင်စေတီတော်
၂၉၂၁၆၉၊၂၀၂၀၈၆

ဝိပဿနာ (၁၀)ရက် တရားစခန်း

ရန်ကုန် မတ် ၉

တောင်ကြီးမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ တရားစခန်း၏ သင်္ကြန်အထူးတရားပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဆရာတော်ဦးအဂ္ဂညာဏက ဟောကြားပြသမည်ဖြစ်သည်။ စာရင်းပေးသွင်းထားသည့်ယောဂီများ ဧပြီ ၁၀ ရက်အရောက် ကြွရောက်ရန် နှိုးဆော်ထားသည်။ (က-ပ)

ပြည်သူ့ထံမှပေးစာ

မူးယစ်သောက်စားဆူညံမှု တားဆီးပေးပါ

စာတည်းရှင့်-

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (စီ)ဘလောက် (၅)လမ်းရှိ အရက်ဆိုင်တစ်ဆိုင်တွင် သောက်သုံးသူအချို့သည် နေ့စဉ်ညဉ့်နက်သန်းခေါင်ကျော်သည် အထိ မူးယစ် သောက်စားဆူညံအော်ဟစ်နေမှုတို့ကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရက်ဆိုင်အား လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆိပ်ကမ်းမြို့သူ

အမှတ်(၄၅) အောင်မင်္ဂလာ လိုင်းကားစီးရေတိုးပေးစေလို

စာတည်းရှင့်-

ရန်ကုန် ဆူးလေနှင့် အောင်မင်္ဂလာ အဝေးပြေးလိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ်(၄၅)လိုင်းကားများမှာ စီးရေအလွန်နည်းသဖြင့် မိနစ် ၃၀ ကျော်ကြာမှ တစ်စီးလာပါသည်။ ခရီးသွားများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် အမှတ်(၄၅) ဆူးလေ-အောင်မင်္ဂလာလိုင်းကားများ စီးရေတိုး၍ ပြေးဆွဲပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်များ

ကဏန်းဒိုင်မှ အပုပ်နံ့မခံနိုင်

စာတည်းရှင့်-

မော်လမြိုင်မြို့ သီရိမြိုင်ရပ် ရွှေလမ်းရှိ အိမ်တစ်အိမ်တွင် ကဏန်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်တွင် နေထိုင်သူများ နေ့စဉ် ကဏန်းအပုပ်နံ့ကို ရှူရှိုက်နေကြရပါ၍ ကျန်းမာရေးထိခိုက်နေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

တရားမဝင် ဓာတ်ဆီရောင်းဝယ် မီးဘေးစိုးရိမ်ဖွယ်

စာတည်းခင်ဗျား-

ပဲခူးမြို့ သနပ္ပင်လမ်းနှင့် မဂ္ဂတစ်လမ်းထောင့်တွင် ဓာတ်ဆီများ တရားမဝင် ရောင်းချလျက်ရှိရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် အဆိုပါဓာတ်ဆီဆိုင်များအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ကြက်သွန်နီပွဲရုံ သတ်မှတ်နေရာသို့ ပြောင်းစေလို

စာတည်းခင်ဗျား-

မြင်းခြံမြို့တွင် ၂၀၀၆ ခုနှစ် မတ်လမှစ၍ ကားကြီးကွင်း(အဝေးပြေးယာဉ်ရပ်နားစခန်း)နှင့် ပွဲရုံတန်းကို ဖွင့်လှစ်ရောင်းချစေခဲ့သော်လည်း အမှတ်(၇)ရပ်ကွက်ရှိ ဘုရားဝိုင်းအတွင်း၌ ကြက်သွန်ပွဲရုံကြီးတစ်ခု ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပါသည်။

ကြက်သွန်များသယ်ဆောင်လာသည့် ထော်လာဂျီများ၊ ယာဉ်များကြောင့် ဘုရားဝိုင်းအတွင်းရှိ မူလတန်းကျောင်းမှ ကလေးငယ်များနှင့် ဘုရားဖူးလာသူများ အန္တရာယ်ရှိပါ၍ အဆိုပါကြက်သွန်ပွဲရုံအား သတ်မှတ်နေရာသို့ ပြောင်းရွှေ့လုပ်ကိုင်နိုင်ရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မိဘတစ်ဦး

သားသတ်ရုံ ရှင်းလင်းဆောင်ရွက်ပြီး

၁၉-၈-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပျော်ဘွယ်မြို့နယ် **ယင်းတော်ကျေးရွာ သားသတ်ရုံ ဖယ်ရှားစေလို** ပေးစာနှင့် စပ်လျဉ်း၍ လေလံစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

အသားကင်ညှော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းရှင့်-

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ် စံပြရပ်ကွက် ဘယသုဒ္ဓိလမ်းနှင့် နိဂြောဓလမ်းဆုံရှိ ဘီယာဆိုင်တစ်ဆိုင်တွင် ညနေဆိုင်ဖွင့်ချိန်မှ ညဆိုင်ပိတ်သည်အထိ အသားကင်များ ရောင်းချလျက်ရှိရာ အသားကင်ညှော်နံ့ကြောင့် ရပ်ကွက်ပြည်သူများ ကျန်းမာရေးထိခိုက်နေပါသည်။ သို့ဖြစ်ပါ၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူ**

စည်းကမ်းနှင့်အညီ ဈေးရောင်းချစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၉)ရပ်ကွက် စိန်စီဂုဏ်ရောင်လမ်းဘေးတွင် လိုင်စင်မဲ့ သား၊ ငါးဈေးသည်များ ကျူးကျော်ရောင်းချလျက်ရှိသဖြင့် ငမောက်ဈေးအတွင်းရှိ အခွန်အခများ ပေးဆောင်ရောင်းချနေသော ဆိုင်များ ထိခိုက်နစ်နာလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျူးကျော်ဈေးသည်များအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ငမောက်ဈေးသည်များ**

လမ်းမပေါ်မှ အရက်ဆိုင်ဖယ်ရှားပြီးစီး

၂၁-၁-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၈/ဒီရပ်ကွက် ပုလဲရတနာလမ်းပေါ်မှ **အရက်ဆိုင်ဖယ်ရှားစေချင်** ပေးစာနှင့်စပ်လျဉ်း၍ ပိတ်သိမ်းရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့တော်စည်ပင်**

လမ်းဓာတ်မီးတိုင် အသစ်လဲပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် ခိုင်ရွှေဝါ(၂)လမ်း အနောက်ဘက်ထိပ်ရှိ သစ်သားဓာတ်မီးတိုင်မှာ အောက်ခြေမှပြတ်နေပါသဖြင့် ငုတ်ရိုက်ချည်နှောင်၍ ထားရခြင်း၊ ကျားကန်ခြင်းများ ပြုလုပ်ထားရပါသည်။ **(ယာပုံ)**

သို့ဖြစ်ပါ၍ အဆိုပါဓာတ်မီးတိုင်အား အသစ်လဲလှယ်ပေးပါရန် တင်ပြအပ်ပါသည်။ **ခိုင်ရွှေဝါလမ်းသားများ**

သချာဦးအောင်သောင်း

G.C.E သင်တန်းများ၊ အငယ်တန်းသင်တန်းများ
အမှတ်(၇၀)၊ တတိယထပ်၊ ဗိုလ်ဆွန်ပက်လမ်း
ပန်းဘဲတန်းမြို့နယ်၊ ဖုန်း-၂၄၆၁၀၈

သုနန္ဒရဝင်း (ချောင်းဦး) ပြန်မာ့ရှေးဟောင်းမြို့တော်များ နှင့် ထွက်ပြီ
တေရပါဒခရီးစဉ်
ဖြန့်ချိရေး-မိတ်ဆွေစာပေ၊ အမှတ်(၅၂၇)၊ ဘုရင့်နောင်လမ်း၊ ပေါက်တောအင်းစိန်

Wisdom Village
I.E.L.T.S
ဆရာကောင်း: B.A (Hons:) M.A (English)

G.C.E	"O" Level (Start April)
I.E.L.T.S	Regular & Steady Courses (Start April)
Basic	4 Skills (Start April)
S.A.T 1	English & Maths (Start April)

WISDOM VILLAGE
EDUCENTRE
09-5115486
01-503325
No. 263, Bargayar Road (Corner of Bo Moe St & Bargayar Road) Myaynigon, Sangyoung Tsp, Yangon.

BRIGHTER
ခန်းဆီး ၊ လိုက်ကာ ၊ Blinds
Sofa ၊ Kitchen
အမှတ်(၂၈၈/၂၉၀)၊ ရွှေတိဂုံဘုရားလမ်း၊ M.W.E.A Tower ဖုန်း- ၃၈၉၉၀၀ ၊ ၃၈၉၉၆၆၊ ၃၈၉၃၇၉
(၃/၃) ၊ သံသုမာလမ်းမကြီး ၊ စုပေါင်းအိမ်ရာ ၊ သုဝဏ္ဏ။
ဖုန်း - ၅၆၃၇၉၀ ၊ ၀၉-၅၁၈၀၁၁၅

"Bring the best to your child during this Summer!"
- အင်္ဂလိပ်စာအထူးပြုသင်ကြားမှု
- ကွန်ပျူတာသင်ခန်းစာ
- ကိုးကြောင်းဆင်ခြင်တွေးခေါ်တတ်မှုစွမ်းရည်
- ခေါင်းဆောင်နိုင်မှုစွမ်းရည်
- နိုင်ငံတကာအဆင့် Camp များ
- ပန်းချီ အနုပညာ တေးဂီတနှင့် အက
- အားကစားလှုပ်ရှားမှုများ
- ပြည်တွင်း ပြည်ပလေ့လာရေးခရီးများ

For ages 3 years and above
Tel: 296552 293754
526456 557448 ext 849
524599 501976

TOTAL
SUMMER SCHOOL
between March through May 2007
ကျောင်းအပ်လက်ခံနေပါပြီ။
TOTAL Learning Academy
TOTAL Kids School
Scientific Learning.

ဖခင်အမည်မှန်
အထက(၃)ဒဂုံ၊ န၀မတန်း(D)မှ မပြည့်ဖြိုးသဇင် [၁၂/မဂတ(နိုင်)၀၉၅၄၅၈] ၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်းဖြစ်ပါကြောင်း။
မပြည့်ဖြိုးသဇင်

ချောင်းသာမှာ နားခိုရာ
ခိုင်ပွင့်ခတ္တာ
ရန်ကုန် 651236, 095146146

ဗိုက်ချပ်စေလျှင် သတိရပါ ၆/၂၀၀၃ တအအလ/ကိုး (၀၄၃၂)
ဒေါ်မြင့်မြင့်ဆွယ် (ဆေးကမ္ဘာ)
* အဆီကျအသားကျစ်ဆေး 1006 YR 04710
* ဗိုက်ချပ်လိမ်းဆေး 0504 YR 0973
၂၇၉၊အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းပလ်မှတ်တိုင်အနီး၊ ဗဟန်း၊ရန်ကုန်မြို့။

BEC International
★ Summer English Courses ★
နွေရာသီစကားပြောသင်တန်းတွင်
ဂျပန်တက္ကသိုလ်၊ အိန္ဒိယတက္ကသိုလ်တို့မှ
အတွေ့အကြုံရင့်ကျက်သော
ဝါရင့်ဆရာ/ဆရာမများကိုယ်တိုင်သင်ကြားပေးမည်။
(9:00 to 12:00noon) ENROLL NOW!
62, Yaw Min Gyi St, Dagon Township, Yangon.
☎: 241939, 09-500-0698, 09-502-2261, 09-514-8254

ထူးခြားသည့် နေ့အပူချိန်များ
(၉-၃-၂၀၀၇)
သာယာဝတီ
၃၇ ဒီဂရီစင်တီဂရိတ်
(၉၈ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်
၃၄ ဒီဂရီစင်တီဂရိတ်
(၉၃ ဒီဂရီဖာရင်ဟိုက်)

အလှိုရှိသည်
(6- G WELDING)
စာတွေ့လက်တွေ့ သင်နိုင်သူ
ဆက်သွယ်ရန် { စာတိုက်သေတ္တာအမှတ် (1115)

2007 ခုနှစ် ဧပြီလ ထွက်ပြီ
သုရဇ္ဇ မဂ္ဂဇင်း
နှစ်ဦးမင်္ဂလာယကြာနှစ်ဦးချိန်ခါမှစ၍တစ်နှစ်လုံးအန္တရာယ်ကင်း လိုသူများအတွက်သုရဇ္ဇလက်ဆောင်၊၁၃၆၉ခုနှစ် နှစ်သစ် အတွင်းနေ့နံရက်သားသမီးများအတွက်အသက်အပိုင်းအခြား အလိုက်ဆောင်ရန်ရှောင်ရန် ပုဂံ ညောင်ဦးရွှေစည်းခုံစေတီ တော်(၂)အိမ်(၉၀)ရက်(၉၀)ဒေသစာရီကြွချီတော်မူသော ပဋ္ဌလောဟာ ဝရုမ်းရုပ်ရှင်တော်မြတ်ညောင်လွန့်တောရဆရာတော် ရှင်မဇာဝီ(၁၈၆-၁၉၃၃)ကျောက်ပြင်ဆိပ်ဆရာတော်မှနန္ဒာဘဝနှင့်တွေ့မှုသူများ(၂) မိဖုရားကြီးဂူမေမယဝတီဆရာတော်ကြီးမှ အစပြု၍ မှတ်သားဖွယ်ရာ ဆရာတော်(၁၀၅)ပါးကျေးဇူးရှင်ရွှေပေါ်ကျွန်းဆရာတော်ကြီးချီးမြှင့်သော မြေ ငလျင်ဘေးအတ်ကာယကြာနှင့်ဂါထာတော်၊ခန္တီတောင်တန်းသာသနာပြုဆရာ တော်ဘဒ္ဒန္တကန္တသာရ၏ မှန်ပြည်နယ်ကျိုက္ကမီဆုတောင်းပြည့်ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီးသို့ဖူးမျှော်ယာခရီးစဉ်၊ ဂမ္ဘီရပြဿနာများနှင့်ဆီးချိုသွေးချိုရောဂါများ ဆရာကြီးသာဂရီပေးလိုက်တဲ့ ပတ္တမြားတစ်လုံးရှေ့ တစ်လုံးငွေတစ်လုံးဘုရားဖြိုက်တည်၍ဆုံးဖြတ်ချက်ချခြင်းများ၊အိတ်တအားဖေဖောင်းချင်ရင်စိတ်ထားပြောင်းပါ၊အစားအစာထဲမှအဆိပ်များ ချောင်းဆိုးသွေးပါတီဘီအဆုတ်နာ၊သရဲလေးကောင်းကာယသိန္နိရွှေဖျိုးရွာတော်ရှင်မချစ်သူ့ဂန္ဓာရီခရီးသည်မှဆိုးလင့်စောင့် သားသည်မိခင်များနို့ကြောင်းပိတ်သော်လိမ်းဆေး၊အကျိတ်အနာလုံးနှင့်ဇက်ကတုံးပြည်ပုပ်အောင်းအနာစိမ်းအတွက်သုက်စာတ်ခန်း ခြင်းအတွက်ဆေးတစ်နည်း၊ချောင်းဆိုးသွေးပါတီဘီအဆုတ်နာမှုတတ်သူများအမြဲဆောင်ထားဆရာကြီးဦးအောင်ချမ်းသာ (၃) လက်တွေ့စီရင်ခြင်းဟူသည့်ရွှေကျိုးပြုမှုလခံဂန္ဓာရီလမ်းကဗေဒင်ပညာ(၂)ဧပြီ၂၀၀၇-ဧပြီ၂၀၀၈ခုနှစ်အတွင်း၊ခါတော်မီ၊ ဧပြီလဖွား (၇)ဂဏန်းသမားယဥ်ပြိုင်မှ အရုံးအနိုင်နှင့်မဟာဘုတ်၊ ထီပေါက်ကံပါကြရဲ့လား - - -စသည့် စိတ်ဝင်စားဖွယ်ဆောင်းပါးတို့ဖြင့်
ဖြန့်ချိရေး ပညာရွှေတောင် ၀၁- ၂၄၀၆၉၀ မွန္တလေး ထွန်းဦးစာပေ နဂါးစာပေ

Enroll Now!!!
MIEC SUMMER SCHOOL 2007
အတွက် ကျောင်းအပ်လက်ခံနေပါပြီ
၁၂-၃-၂၀၀၇ နေ့စဖွင့်မည်
Age 6-15
၁၂-၀၁၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၂၉၆ ၆၀၂ - ၃၉၂ ၆၁၇

တီဗွီ - 1
ကားမောင်းစက်ပြင်သင်တန်း
မ/ဒဂုံယာဉ်မောင်းသင်ကွင်း၊U-9 ကွက်။ ☎: 09-5120483
သိမ်ဖြူအမောင်းသင်ကွင်း။ ☎: 298787, 201188
အမှတ်(၂၁၈)၊ ကျိုက္ကဆံလမ်း၊ ☎: 545155, 549764

အများသိစေရန်အသိပေးကြော်ငြာချက်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက် အမှတ်(၁၃)၊ မြေတိုင်းရပ်ကွက်(၁၃)၊ သံသုမာလမ်း၊ မြေကွက်အမှတ်(၉၆၇/က) ဧရိယာ (၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံ(လျှပ်စစ်မီတာ၊ အဝီစိတွင်း/စက်အပါအဝင်)နှင့်တကွ မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ- ဦးအေးသိန်း တရားရုံးချုပ်ရှေ့နေ(၅၅၉၂)
B.Sc, H.G.P, R.L, D.B.L, D.M.L, D.I.L,
အမှတ်-၁၁၄၊ စက်မှု(၁)လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ကျောက်တန်းမြို့နယ် အစဲကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ပညာရေးစုံညီပွဲတော်တွင် စတုတ္ထတန်းမှ ဆဋ္ဌမတန်းအထိ သုံးနှစ်ဆက်တိုက် ပထမရရှိသူ မအေးမြတ်မွန်အား ကျောင်းအုပ်ဆရာကြီး ဦးဇော်မြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

လချုပ်စနစ်ဖြင့်ကားငှားမည်
ISUZU 90 Model
၃က----၁၄ ပေ
ဒီဇယ်အင်ဂျင်ကိုင်ပြီး
ဖုန်း-၆၉၅၂၀၅၊ ၀၉၅၁၁၃၄၀၈

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ကောင်းမြတ်သိန်း၏ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် [၁၂/ဗဟန (နိုင်)၀၈၄၁၉၆]မှာ ဗဟန်းမြို့နယ်အတွင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ကောင်းမြတ်သိန်း**
ဖုန်း- ၀၉၅၁၇၄၁၀၇၊ ၀၉၅၁၁၃၄၁၉

ကွာရှင်းပြတ်စဲပြီးစီးကြောင်း
ကျွန်မ မဇင်သဉ္ဇာဦး [၁၂/ကမတ(နိုင်)၀၅၂၃၃၉] နှင့် မောင်ကျော်စွာဟိန်း [၁၂/ကမတ (နိုင်)၀၅၁၄၈၂]တို့သည် (၈-၃-၂၀၀၇) ရက်တွင် စမ်းချောင်းမြို့နယ် တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြီး ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
မဇင်သဉ္ဇာဦး
[၁၂/ကမတ(နိုင်)၀၅၂၃၃၉]

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်နေလင်းထွန်း၏ နိုင်ငံကူးလက်မှတ်အမှတ်(၃၆၀၁၉၈) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၂၀၄၀၉၈**

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးအောင်မြင့်၏ နိုင်ငံကူးလက်မှတ်အမှတ်-၃၁၇၆၈၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဆက်သွယ်ရန်- ၂၂၆၂၆၆

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

NAING Group Construction Co., Ltd.

ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အကောင်းဆုံးနေရာ...
ဈေး၊ ကျောင်း၊ Super Market များနှင့်အနီးဆုံးနေရာ...
အနာဂတ်အတွက် အကျိုးအမြတ်အများဆုံးရနိုင်မည့်နေရာ...

NAING Group မှ ဝယ်ယူသူ Customer များအတွက်
"နောက်ထပ်မရနိုင်သော ဈေးနှုန်း" "နောက်ထပ်မရနိုင်သော အခွင့်အရေး" တို့နှင့် အတူ ... ရောင်းချပေးနေပါပြီ။

အိမ်လာ၊ အမည်ပြောင်းပေးရန်မလိုပါ
ဝယ်ခွန်ပေးဆောင်ရန်မလိုပါ

အမှတ်(၁၈၂-၁၉၄)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။

Room Type

အမှတ်(၁၁၆-၁၁၈)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။

Room Type

အမှတ်(၅၀၈-၅၁၂)၊ ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်။

Room Type
အရစ်ကျငွေပေးချေစနစ်

- ၂၄နာရီ ဓါတ်လှေကားစနစ်
- ၂၄နာရီ လုံခြုံရေးစနစ်
- New Elevator (Lift)
- P.A.B.X Telephone
- Satellite System
- Transformer & Generator
- Pile Foundation
- ကုမ္ပဏီမှ Matainence အတွက် မတည်ငွေ
- Steel Tank
- Own Meter & Own Motor

No. (117-127), 33rd Street (middle), Kyauktada Tsp. Yangon. Ph: 09-51-12139, 09-99-27389, 95-1-248082, 381707, 383658.

မိမိတို့နိုင်ငံအနေဖြင့် ကုလသမဂ္ဂပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးပြီး လူကုန်ကူးမှုကို တိုက်ဖျက်နေ ဥပဒေပြဋ္ဌာန်းပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ကြိုတင်ကာကွယ်ရေး ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ လူကုန်ကူးမှုပြဿနာကို မျိုးချစ်စိတ်ကိုအခြေခံပြီး မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်အဖြစ် ခံယူတိုက်ဖျက်သွားမည်

နေပြည်တော် မတ် ၉

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအေဂျင်စီများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်တစ်ဝန်း အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုပြီး အမေရိကန်ကထုတ်ပြန်သည့် အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်များနှင့် လွဲမှားစွာ ဖော်ပြထားသော အဓိပ္ပာယ်ကင်းမဲ့သည့် အစီရင်ခံစာသာဖြစ်ကြောင်း တွေ့ရှိရ

လူ့အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးကြိုးပမ်းမှုကို အကြောင်းပြပြီး နိုင်ငံအချို့ကိုသာ ရွေးချယ်ဝေဖန်မှုနှင့် စံနှုန်းနှစ်မျိုး ကျင့်သုံးမှုတို့ကိုလည်းကောင်း၊ ပြည်တွင်းရေး မဟုတ်မမှန် စွပ်စွဲဖော်ပြခြင်းကိုလည်းကောင်း ပြင်းထန်စွာရှုတ်ချ

နေပြည်တော် မတ် ၉

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၇ ရက်တွင် ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်၏ ၂၀၀၆ ခုနှစ် လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်သည့် အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေအပေါ် တစ်ဖက်စောင်းနင်း အကဲဖြတ်ချက်များကို လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်၏ ၂၀၀၆ ခုနှစ် လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်သည့် အစီရင်ခံစာကို ၂၀၀၇ ခုနှစ် မတ် ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာသည် ယခင်နှစ်များကဲ့သို့ပင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည်ဆိုသည့် အခြေအမြစ်၊ အထောက်အထားခိုင်လုံမှုမရှိသော လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များကို ထပ်မံဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာတွင် ယခင်ကဲ့သို့ပင် မြန်မာနိုင်ငံတွင် တရားဥပဒေနှင့်အညီ စီရင်ခြင်းမပြုဘဲ သတ်ဖြတ်မှုများ၊ အကျဉ်းထောင်အတွင်း သေဆုံးမှုများ၊ ပျောက်ဆုံးမှုများ၊ အဓမ္မပြုကျင့်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများ၊ မတရားဖမ်းဆီးမှုများ၊ အတင်းအဓမ္မ ရွှေ့ပြောင်းစေမှုများ၊ ကလေးသူငယ်စစ်သည်များ အဓမ္မစုဆောင်းမှုများ၊ အဓမ္မအလုပ်စေခိုင်းစေမှု၊ တိုင်းရင်းသားလူနည်းစုများ၏ ကျေးရွာများကို စစ်တပ်က တိုးမြှင့်တိုက်ခိုက်မှုများ၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ထိန်းသိမ်းထားရှိမှုများ၊ သတင်းလွတ်လပ်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာသွားလာခွင့် စသည်တို့အပေါ် ထိန်းချုပ်မှုများကဲ့သို့သော လူ့အခွင့်အရေး ချိုးဖောက်မှုများရှိသည်ဟု မမှန်မကန် သိမ်းကျုံးစွပ်စွဲထားသည်။

ယင်းအစီရင်ခံစာ၏ ရေးသားဖော်ပြထားပုံကို ထောက်ရှုခြင်းအားဖြင့် ယင်းစွပ်စွဲချက်များသည် ဥပဒေပြင်ပတွင် ကျန်ရှိနေသေးသည့် သောင်းကျန်းသူ လက်နက်ကိုင်အုပ်စုနှင့် အစိုးရဆန့်ကျင်ရေး အင်အားစုများ၏ စွပ်စွဲပြောဆိုချက်များနှင့် ထပ်တူဖြစ်ပြီး မြန်မာနိုင်ငံအစိုးရ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းစေရန် မဟုတ်မမှန် လုပ်ကြံသတင်းဖြန့်ချိမှုများသာဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရန် ကြိုးပမ်းမှုတွင် အရေးနိမ့်သွားခဲ့ပြီးနောက် စာမျက်နှာ ၉ ကော်လံ ၃ သို့ ❀